# "စည်းကမ်းချမှတ် လိုက်နာဝံ့သောအစွမ်းသတ္တိ"

(ဂျိမ်းစ်ဒေါ့ဘ်ဆန်)

# DARE TO DISCIPLINE

(James Dobson)

နိဒါန်း

ပြင်းထန်သောစည်းကမ်း၊ ဖိနှိပ်ချုပ်ခြယ်သောစည်းကမ်း၊ မနှစ်မြို့ဖွယ်ကောင်းသော စည်းကမ်းများ၏ အန္တရာယ်ရှိပုံများကို ရေးသားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ သတိပေးချက်များသည် ကျိုးကြောင်းခိုင်လုံသည့်အပြင် ရှောင်ကြဉ်သင့်သည့် အရာများလည်းဖြစ်သည်။ သို့ရာတွင် လွန်ကဲသောအပြစ်ပေးခြင်း၏ အကျိုးဆက်ကိုမူ စည်းကမ်းမရှိသောကြောင့် ဟူ၍ရည်ညွှန်းကိုးကားလေ့ရှိသည်။ ထိုကိစ္စကား မိုက်မဲမှုပင်ဖြစ်သည်။ ကလေးငယ်တစ်ဦးသည် ခေါင်းမော့ရင်ကော့ကာ သူ၏လက်သီးလေးများကို ဆုပ်၍သူ၏မိဘများကို စိန်ခေါ်အံတုဝံ့ အကြိမ်များလည်း ရှိပါသည်။ ကလေးငယ်သည် စိတ်ရှုပ်ထွေးခြင်းကြောင့် သို့မဟုတ် အတွင်းစိတ်၏ ရန်လိုမှုကြောင့် ဤသို့ပြုမူခြင်း မဟုတ်ပါ။ အနားသတ်မျဉ်း၏ အကန့်အသတ်နှင့် ထိုအကန့်အသတ်ကို ချမှတ်သည့် သူအားသိစေလိုစိတ်ဖြင့်သာ ဤသို့ပြုမူခြင်းဖြစ်သည်။ ပညာရှင်များစွာက စိတ်ရှည်သည်းခံခြင်းကို အသားပေးကြသော်လည်း အာခံခြင်း၏အဖြေကိုမူ ဖော်ပြခြင်းမပြုကြပေ။ ၎င်းတို့က ကလေးငယ်အပေါ်တွင် မိဘများကနားလည် သဘောပေါက်မှုပေးရေးကိုသာ အလေးပေးခဲ့သည်။ ကျွန်ုပ်နှင့်လည်း သဘောချင်းတိုက်ဆိုင်ပါသည်။ သို့ရာတွင် ကလေးငယ်များအားလည်း မိဘများအကြောင်း တစေ့တစောင်း နားလည်သဘောပေါက်ရန် သင်ကြားပေးဖို့လိုပေသည်။

"စည်းကမ်း" ဟူသောဝေါဟာရကို အပြစ်ပေးခြင်း၏ အဆက်အစပ်အဖြစ် သတ်မှတ်ထားခြင်း မဟုတ်ပေ။ ကလေးငယ်များအား ကိုယ်ပိုင်စည်းကမ်းသတ်မှတ်မှုနှင့် တာဝန်သိသော အပြုအမူများကို သင်ကြားပေးရန် လိုအပ်ပေသည်။ အခက်အခဲများစွာကို မည်သို့ရင်ဆိုင်ပုံနှင့် အသက်ရှင်နေထိုင်မှုတို့အတွက် တာဝန်ရှိမှုတို့ကို လေ့လာသင်ယူနိုင်ရေးတွင် ကလေးငယ်များအား အကူအညီပေးရန် လိုအပ်သည်။ မိမိကိုယ်မိမိ ထိန်းချုပ်မှု အတတ်ပညာကိုလည်း ကလေးများသင်ယူကြရမည်။ လိုက်လျောမှု သို့မဟုတ် အားနာမှုသည် ရှုံးနိမ့်မှု မဟုတ်သော်လည်း အန္တရာယ်ရှိပေသည်။

စာရေးဆရာကြီး ဂျက်လန်ဒန် **(Jack London)** က"ဘယ်အရာကိုမဆို အကျိုးရှိရဲ့လားဟူသော မေးခွန်းဖြင့်တိုင်းတာသင့်သည်" ဟုရေးသားဖော်ပြခဲ့သည်။ စည်းကမ်းကို နည်းလမ်းမှန်ကန်စွာ အသုံးပြုလျှင် အကျိုးရှိပါသည်။ စည်းကမ်းသည် သားသမီးနှင့် မိဘအကြား အပြန်အလှန် လေးစားမြတ်နိုးမှုဖြင့် သိမ်မွေ့သော ချစ်ခြင်းမေတ္တာကိုပွားစည်စေသည်။ အချင်းချင်းမေတ္တာထားသင့်ပြီး အပြန်အလှန် ယုံကြည်မှုရှိသင့်သေ မိသားစုဝင်များအကြား အလုမ်းကွာဟနေမှုကို ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးပါသည်။ ကျွန်ုပ်တို့ ချစ်မြတ်နိုးဆုံးသော ကလေးများအား ဘုရားသခင်နှင့် ဖူးမြင်ကြည်ညိုခွင့်ရရှိစေပါသည်။ ဆရာတစ်ဦးအတွက်လည်း ၎င်းအားပေးအပ်ထားသောတာဝန် ဝတ္တရားများကို စာသင်ခန်းအတွင်း ကောင်းစွာထမ်းဆောင်စေနိုင်ပါသည်။ ကလေးငယ်တစ်ဦးအား ငယ်သူကိုသနား၊ ရွယ်တူကိုလေးစားစေတတ်သော အင်အားတိုးပွားစေသည့်အပြင် တာဝန်သိသော အကျိုးပြုသော နိုင်ငံသားတစ်ဦးအဖြစ်လည်း ရပ်တည်လာနိုင်စေပါသည်။ ဖော်ပြထားသည့် မျှော်မှန်းထားသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရေးအတွက် ကလေးငယ်များတွင် ရဲရင့်သော ဇွဲရှိသော ယုံကြည်မှုပြည့်ဝသော လုံလဝီရိယရှိသော ထက်သန်ဇော ကြိုးပမ်းအားထုတ်မှုများ လိုအပ်သည်။

အတိုချုပ်အားဖြင့် မည်သူမဆို စည်းကမ်းချမှတ်ဝံ့ လိုက်နာဝံ့ရမည်

(အယ်ဒီတာ။ ကိုယ်ခန္ဓာကို ပြင်းထန်စွာ ရိုက်နှက်အပြစ်ပေးခြင်းနှင့် ပါတ်သက်၍ နိုင်ငံများစွာတွင် တင်းကျပ်စွာပြဋ္ဌာန်း သတ်မှတ်ထားခြင်းနှင့် ပါတ်သက်၍ သင့်နိုင်ငံတွင်လည်း အဆိုပါအခြေအနေကို မြော်မြင်စူးစမ်းကြည့်ရန် အကြံပြုပါသည်။ သို့မှသာ သင်နေထိုင်ရာ နိုင်ငံတွင် ဥပဒေနှင့် မညီညွတ်သော ကလေးသူငယ်များအား ရိုက်နှက်ခြင်းသည် "ကလေးသူငယ်များအား အလွဲသုံးမှု" သို့မဟုတ် မိဘများ၏ မလျော်ကန်သော ထိန်းသိမ်းပဲ့ပြင်မှုများကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ကလေးသူငယ်အား ရိုက်နှက်မှုသည် ဥပဒေနှင့် မညီညွတ်သဖြင့် ကလေးများအား ဆုံးမပဲ့ပြင်သည့် အခြားနည်းလမ်းများကို လမ်းညွှန်ပြသရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ဤစာအုပ်တွင် အကျဉ်းချုပ်ဖော်ပြထားသော ကလေးသူငယ်များအား ရိုက်နှက်ခြင်းမပြုဘဲ စည်းကမ်းချမှတ်နည်းများ၊ အကြံပြုချက်များကို ရည်ညွှန်းကိုးကားနိုင်ပါသည်။)

## သင်ကြားခြင်းကို အလေးအမြတ်ထားမှုနှင့် တာဝန်ယူမှု

ဒယ်အိုးအတွင်းရှိဖားသူငယ်

ဖားတစ်ကောင်ကို ရေနွေးဖြည့်ထားသော ဒယ်အိုးထဲတွင် ထည့်ထားသည်။ ဒယ်အိုးအောက်မှ မီးဖြင့်အပူပေးထားသည်။ အပူရှိန် တဖြည်းဖြည်း မြင့်တက်လာသည်။ ဖားငယ်ကမူ ဒယ်အိုးထဲမှ ခုန်ထွက်လိမ့်မည်မဟုတ်ပေ။ ဖားသည် သွေးအေး သတ္တဝါဖြစ်သဖြင့် သူ၏ ကိုယ်ခန္ဓာ အပူချိန်သည် သူ့ပတ်ပတ်လည်ရှိ ရေ၏အပူချိန်ခန့်ပင် ရှိနေဆဲဖြစ်သည်။ အပူချိန် တဖြည်းဖြည်းပြောင်းလဲလာသည်ကို သူသတိ မမူမိ။ အပူချိန် တဖြည်းပြင်းထန်လာသော်လည်း သူ၏အန္တရာယ်ကို ဖားငယ်မေ့လျော့နေသည်။ ဘေးလွတ်ရာသို့ ခုန်ချထွက်ပြေးနိုင်သေး သော်လည်း သူကတစ်ခုခုကို စဉ်းစားနေပုံပေါ်သည်။ သူက ဒယ်အိုးထဲတွင် ထိုင်လျက်သားကပင် ဒယ်အိုးနှုတ်ခမ်းပေါ်မှ ကျော်၍ သူ့နှာ ခေါင်းအထိ ဝေ့ဝဲလာသောရေနွေးငွေ့များကို လှမ်းမျှော်ကြည့်နေဆဲပင်။ နောက်ဆုံးတွင် အလွယ်တကူ ရှောင်လွှဲနိုင်သော မဖြစ်သင့် မဖြစ် ထိုက်သည့် ကံကြမ္မာကြောင့် အသက်ဆုံးရှုံးခဲ့ရပေသည်။

လူသားများတွင်လည်း ဖားငယ်ကလေးသို့ပင် မရင့်ကျက်သော အသိအမြင်များ ရှိနေတတ်ကြသည်။ ကျွန်ုပ်တို့သည် လတ်တ လောရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်ကို အသွင်မြန်စွာ ပူပန်တတ်ကြသည်။ စစ်၊ ကပ်ရောဂါများ၊ မြေငလျင်နှင့် မုန်တိုင်းတို့သည်ကား အ ချိန်တိုအတွင်း စုစည်းဖြစ်ပေါ်လေ့ရှိသည်။ သို့ရာတွင် လူသားများကို ခြိမ်းခြောက်သော အန္တရာယ်တစ်ခုသည် တဖြည်းဖြည်းဖြစ်ပေါ်လာ သည်။ ဆယ်စုနှစ် တစ်ခု သို့မဟုတ် နှစ်ခုမျှကြာအောင် စုစည်းဖြစ်ပေါ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် သတိမမူဘဲ အန္တရာယ်အတွင်းသို့ ပျော် ပျော်ပါးပါး ဝင်ရောက်နေမိကြပေမည်။ ဤသို့ တဖြည်းဖြည်း တရွေ့ရွေ့ ဖြစ်ပေါ်လာသည့် အန္တရာယ်ကို အသိအမြင်ကင်းမဲ့မှုသည် အမေရိ ကန်မျိုးဆက်များအတွင်း ပြန့်နှံ့လာနေသော စနစ်တကျ ယိုယွင်းပျက်စီးမှု အန္တရာယ်နှင့် အလားတူပမာပြုနိုင်ပေသည်။ ကျွန်ုပ်အနေဖြင့် ယင်းသို့သော ဖြည်းဖြည်းချင်း ယိုယွင်းပျက်စီးနေသည့် လူငယ်မြင်ကွင်းကို ကာကွယ်ကန့်ကွက်မှု တစ်လုံးတစ်ဝါဒမျှ မဟမိဘဲ စိတ်မသက် မသာဖြင့် လက်ခံနေကြရပေသည်။

ဤသို့ဖြစ်ပျက်နေခြင်းအတွက် ကျွန်ုပ်တို့၏ ကလေးငယ်များကို အပြစ်တင်ရန်အကြောင်း မရှိပေ။ သူတို့သည် ကျွန်ုပ်တို့၏ အရေး ကြီးဆုံး တန်ဖိုးအထားရဆုံး လူ့အရင်းအမြစ်များ ဖြစ်ကြသည်။ အခြားတစ်ဖက်မှ ကြည့်ပြန်လျှင်လည်း မျိုးဆက်ဟောင်းများက ဤသို့ယို ယွင်းပျက်စီးနေသော အခြေအနေများ ဖြစ်ပေါ်အောင် လက်ပိုက်ကြည့်ခြင်းအား အပြစ်ရှိသည်ဟု ယူဆကြပေသည်။ ထိုသို့ ဆန့်ကျင်ဘက် လမ်းကြောင်းသို့ ဖြည်းဖြည်းချင်း ပြောင်းလဲလာနေသည့် အချိန်ကာလရှိလင့်ကစား ပြောင်းလဲသည့် အခြေအနေပေါ်တွင် ရောင့်ရဲတင်းတိမ် နေသည့် ဖားသူငယ်ပမား ကျွန်ုပ်တို့သည်လည်း တစ်စုံတစ်ခုကိုတွေးတော ငေးမောနေရင်း စုန့်စုန့်မြုပ်ခဲ့ကြရပေသည်။ ကျွန်ုပ်တို့သည် ဖား သူငယ်ကို ပွက်ပွက်ဆူနေသော ရေပူထဲတွင် အမြုပ်ခံရမည့်အစား ရုန်းထွက်ရမည့် အချိန်သို့ ဆိုက်ရောက်ခဲ့ပေပြီ။ ကျွန်ုပ်တို့၏ အတိတ် ကမသိမှု မောဟအရေခွံကို မိဘဝတ္တရားတည်းဟူသော ဓါးဖြင့်ခွာချွတ်ပြီး ကျွန်ုပ်တို့၏ သားသမီးများကို ခြိမ်းခြောက်နေသော ပြဿနာများ ကို ရှင်းလင်းရန် ခြေလှမ်းစကြရမည်ဖြစ်သည်။

မျက်မှောက်ခေတ် လူငယ်မျိုးဆက်များနှင့် ပါတ်သက်၍ ကျွန်ုပ်တို့တွေ့ကြုံနေရသော အခက်အခဲများသည် ၎င်းတို့အားပြုစုစောင့် ရှောက်ခဲ့ရသည့် ကလေးငယ်ဘဝနှစ်ကာလများက စတင်ခဲ့ပေသည်။ ကလေးငယ်လေးများသည် ၎င်းတို့အုပ်ထိန်းသူများ၏ သင်ကြားမှု (ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ) ကြောင့် ဘေးဒုက္ခတွေ့ကြုံလုနီးပါးဖြစ်ကြရသည်။ ကလေးဘဝ အစောပိုင်းကာလများက ပြုလုပ်ခဲ့ သော မှားယွင်းမှုသည်ဖျောက်ဖျက်ရန် ခက်တတ်သည်။

စစ်မှန်သော သဘောထား အယူအဆကို ကလေးငယ်များသင်ယူနိုင်စွမ်းရှိသည့် အရေးအကြီးဆုံး အသက်အရွယ်မှာ ပထမ ၄/၅ နှစ်သားကာလပင်ဖြစ်သည်။ ထိုသို့ စောစီးသော သဘောထားအယူအဆများက ထာဝရစွဲထင်နေလေ့ရှိသည်။ ထိုကာလတွင် သင်ကြားပေးရ မည့် အခွင့်အလမ်းဆုံးရှုံးခဲ့ပါမူ ၎င်းတို့၏ ကနဦးလက်ခံနိုင်စွမ်းရှိသည့် အခြေအနေကို မည်သည့်အခါမျှ ပြန်လည်ရရှိတော့မည် မဟုတ်ပေ။

## မျိုးရိုးလိုက်ခြင်းနှင့်သင်ယူမှု

မျိုးရိုးလိုက်ခြင်းကြောင့် ကလေးငယ်တစ်ဦးအား စစ်မှန်သောသဘောထားကို သင်ကြား၍မရပေ။ ထိုကလေးများသည် ၎င်းတို့အား သင်ကြားပေးသမျှကိုသာ သင်ယူနိုင်သည်။ သူတို့အား စောစီးစွာသင်ကြားမပေးလျှင် ကျွန်ုပ်တို့လိုလားသည့် သဘောထားနှင့် အမူအကျင့် များအတိုင်း ဖြစ်ပေါ်လာရန် မျှော်လင့်၍ မရပေ။

ချစ်ခြင်းမေတ္တာနှင့်စည်းကမ်း။ ။ လူ့ဘဝအတွက် ချစ်ခြင်းမေတ္တာသည် မရှိမဖြစ်လိုအပ်သော်လည်း မိဘ၏ဝတ္တရားများကား ချစ်ခြင်း မေတ္တာထက်ပို၍ ကျယ်ပြောသည်။ ကလေးငယ်တစ်ဦးအား အတိုင်းအတာမရှိ ချစ်နိုင်သော်လည်း ထိုသို့အတိုင်းအတာမဲ့မှုကြောင့် ကလေး ငယ်အား အန္တရာယ်ရှိသော သဘောထားကို သင်ပေးသလိုဖြစ်တတ်သည်။ စည်းကမ်းသတ်မှတ်ချက် မရှိသော ချစ်ခြင်းမေတ္တာသည် ကိုယ်

တိုင်စည်းကမ်းချမှတ် လိုက်နာတတ်သော၊ ကိုယ်တိုင်ထိန်းချုပ်တတ်သော၊ အများကိုလေးစားတတ်သော ကလေးငယ်များဖြစ်ထွန်းလာစေမည် မဟုတ်ပေ။ ကာယ၊ စိတ္တ၊ ကျန်းမာဖွံ့ဖြိုးရေးတွင် ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုသည် အဓိကကျသည်။ သို့ရာတွင် ဂရုစိုက်လေ့ကျင့်ပေးမှုနှင့် ရှေ့ဆောင်လမ်းပြမှု လိုအပ်ချက်များပျောက်သွားအောင် ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုတို့က စွမ်းဆောင်နိုင်မည်မဟုတ်လော။

လော့အိန်ဂျလိစ် (Los Angeles) တွင် မကြာမီက ကျင်းပပြုလုပ်သော စိတ်ပညာရှင်များ ညီလာခံတွင် သဘာပတိတစ်ဦးက ဤရာစုနှစ်၏ အကြီးမားဆုံးသော လူမှုရေးအန္တရာယ်မှာ သားသမီးများအား ချစ်ခြင်းမေတ္တာ လုံလောက်လျှံပယ်စွာ ထားနိုင်လျှင် စည်းကမ်းချမှတ်ရန် မလိုအပ်ဟူသော အယူအဆပင်ဖြစ်ကြောင်း ဖော်ပြသွားခဲ့သည်။ ချစ်ခြင်းမေတ္တာနှင့် စည်းကမ်းကို စနစ်တကျစစ်မှန်စွာ ဆက်စပ်တတ်သော မိသားစုများမှ လေးစားထိုက်ပြီး တာဝန်သိသောသားသမီးများ ထွန်းကားလာကြသည်ကား ဒိဋ္ဌဓမ္မပင်ဖြစ်သည်။

<u>သားသမီးများအား ထိန်းသိမ်းနည်း ၅သွယ်</u>

သားသမီးများအား နည်းလမ်းမှန်ကန်စွာ ထိန်းသိမ်းခြင်းသည် ကျိုးကြောင်းဆီလျော်ပြီး အများလက်ခံနိုင်သော ဒဿနတစ်ရပ်ပင်ဖြစ်ကြောင်း ကျွန်ုပ်ခိုင်မာစွာ ယူဆသည်။ ယင်းဒဿနတွင် အဓိကနည်းလမ်း ၅သွယ်မှာထင်ရှားသည်။

၁။ သားသမီးများကို စီမံထိန်းကွပ်ရာတွင် မိဘများအား အလေးအမြတ်ထားမှု တိုးတက်ရေးသည် အဓိကကျသော အချက်ဖြစ်သည်။

ကလေးတစ်ဦးသည် သူ၏မိဘများအား အလေးအမြတ်ထားရန် အရေးကြီးဆုံးဖြစ်သည်။ ယင်းသို့အလေးအမြတ်ထားခြင်းသည် မိဘများ၏ အတ္တစိတ် ကျေနပ်နှစ်သိမ့်မှု ရရှိစေရန်မဟုတ်ပေ။ အကြောင်းမှု ကလေးငယ်နှင့် မိဘများ၏ဆက်ဆံရေးသည် ကလေးငယ်များက အခြားသူများအပေါ်တွင် ထားရရှိမည့် အလေးအမြတ်ထားခြင်းဟူသော အခြေခံသဘောထားကို ရင့်သန်စေသောကြောင့်ဖြစ်သည်။

မွေးကင်းစ ကလေးငယ်တစ်ဦးအတွက် ပထမဦးဆုံးနှင့် အရေးကြီးဆုံးအဖြစ် ရရှိမည့်လူမှုရေးတုန့်ပြန်မှုမှာ မိဘနှင့်ကလေးငယ်၏ ဆက်ဆံရေးပင်ဖြစ်သည်။ အဆိုပါ တုန့်ပြန်မှုအတွင်းရှိ အကျိုးအပြစ်များ အခက်အခဲများကို နောင်တွင်ထင်ရှားစွာ တွေ့မြင်လာနိုင်သည်။ ဥပမာ ကလေးငယ်က ချိုချဉ်စားချင်သည်။ မိဘများက ကျွေးဘူးဟုဆိုပါစို့။ ကလေးငယ်သည် ကြမ်းပြင်ပေါ်သို့ လှဲချမည်။ အော်ဟစ်မည်။ ကြမ်းပြင်နှင့် သူ့ခေါင်းကို တဒိန်းဒိန်းဆောင့်ပေမည်။ မိခင်က ထိုအပြုအမူအတွက် စိတ်တိုလာပြီး "ကဲ ဂျွန်နီ ရော့ ချိုချဉ်တစ်လုံးနဲ့တော့ အန္တရာယ်မဖြစ်လောက်ပါဘူး။ မငိုနဲ့တော့ ကြားလား" ဟုပြောလိုက်သည်။ ဂျွန်နီ၏ စိတ်ခံစားမှုသက်သာအောင် တုန့်ပြန်လိုက်ခြင်းဖြစ်သည်။ သူအော်ဟစ် ငိုယိုခြင်းကြောင့် ချိုချဉ်စားရသည်ဟူသော အကျိုးရရှိသည်။ ဤစနစ်ကို သူအသုံးပြု၍ စိန်ခေါ်ခဲ့သည်။ ထိုပွဲတွင် သူနိုင်ခဲ့သည်။ စိတ်ရင်းကောင်းသော မိခင်သည် သူ၏ဆန့်ကျင် တောင်းဆိုမှုများကို နောင်၁၄နှစ်ကြာသည့်တိုင် ဤနည်းနှင့်ပင် လိုက်လျောနေခဲ့မည်ဆိုပါက ဂျွန်ကလေးသည် သူ့လိုချင်သည်ကို သူ့အမေအား အော်ဟစ်တောင်းဆိုသကဲ့သို့ လူတိုင်းအားတောင်းဆိုသည့် အလေ့အကျင့် တဖြည်းဖြည်းရင့်သန်လာကာ လူဆိုးကြီးဂျွန်ဘဝသို့ ရောက်ရှိလာရပေတော့မည်။ နောင်သောအခါ အလိုမလိုက်ဘဲ ပြင်းထန်စွာ ငြင်းဆိုလျှင်မူ ပေါက်ကွဲသောအဆင့်သို့ ရောက်ရှိသွားပေမည်။

.......................................................................

ကလေးငယ်များသည် ကမ္ဘာပေါ်တွင် အတော်ဆုံးကလေးစိတ်ပညာရှင်များ ဖြစ်ကြသည်။ သင့်အား ကလေးစိတ်ပညာကို သင်ပေးကြလိမ့်မည်။ သင်ကခွင့်ပြုလျှင် သင့်ကိုလှည့်စားကြ (တစ်ပတ်ရိုက်ကြ) ပေလိမ့်မည်။ သူတို့ အလွန်ကျွမ်းကျင်ကြသည်။ သင့်ထက်သူတို့က ပို၍သိကြသည်။ သင်က သူတို့ထက် အမြဲတန်း ခြေတစ်လှမ်းသာနေမှ တန်ကာကျမည်။

.......................................................................

မိဘများအား အလေးအမြတ်ထားမှုကို ထောက်ခံသော အခြားအရေးကြီးသည့် အချက်တစ်ရပ်ရှိသေးသည်။ သင်၏ သားသမီးများ ဆယ်ကျော်သက်အရွယ် ရောက်လာသောအခါ သူတို့အားသင်၏ တန်ဖိုးများကို လက်ခံစေလိုလျှင် ငယ်ရွယ်စဉ်ကတည်းက သူ့အပေါ်ထားရှိသော သူတို့၏အလေးအမြတ်ပြုမှုကို သင်ကတန်ဖိုးထားရပေမည်။

မည်သည့်အခါအပြစ်ပေးရမည်နည်း။ သင်ကြားပေးထားသော အပြုအမူကို ပြန်လည်လုပ်ဆောင်ရန် မည်သို့လှုံ့ဆော်ရမည်ကို စဉ်းစားရာတွင် အလေးအမြတ်ထားခြင်း၏ အကျိုးဆက်သည် အသုံးဝင်သော လက်နက်ကောင်းတစ်ခုဖြစ်သည်။ မလိုလားအပ်သော အပြုအမူတစ်ခုသည် သူ၏အခွင့်အာဏာ သို့မဟုတ် သူ၏ဖခင်အဖြစ်/ မိခင်အဖြစ် ရပ်တည်မှုကို တိုက်ရိုက်အန်တု ဖက်ပြိုင်ခြင်းရှိ–မရှိကို မိဘများက ဦးစွာစဉ်းစားသင့်သည်။ အပြစ်ပေးမှုသည် ယင်းသို့စဉ်းစားသုံးသပ်မှု အပေါ်မူတည်ပေသည်။

ကျွန်ုပ်၏အမြင်အရမူ ကလေးတစ်ဦး (၁၀နှစ် သို့မဟုတ် ၁၀နှစ်အောက်) က "မလုပ်ဘူး" သို့မဟုတ် "တော်ပါတော့" ဟူသော ခွန်းတုန့်ပြန်သည့် စကားမျိုးပြောသည့် အခိုက်အတန့်တွင် ရိုက်နှက်ဆုံးမခြင်း မပြုသင့်သေးပါ။ ကလေးငယ်တစ်ဦးက ထိုသို့လည်ပင်းကြောထောင်လာသည်အထိ အာခံတုန့်ပြန်လာလျှင် သူတို့အားထိုအတိုင်း ဒေါသထွက်ခွင့်ပေးလိုက်ပါ။ လွှတ်ထားလိုက်ပါ။ ဒေါသဖြစ်သည့် နာကျင်ခံစားမှုသည် အံ့သြဖွယ်ကောင်းသော ကုစားမှုတစ်ခုဖြစ်သည်။ သင်နှင့်သင်၏ ကလေးငယ်ကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်နေချိန်တွင် နာခံခြင်း၏ အကျိုးများကို ဆွေးနွေး၍မဖြစ်ပေ။ သဲထဲတွင် ရေသွန်သလိုဖြစ်ပေလိမ့်မည်။ ဘယ်သူနိုင်မလဲ။ ဘယ်သူက သတ္တိအရှိဆုံး

လဲ။ ဒီနေရာမှာ ဘယ်သူက အုပ်ချုပ်သလဲ။ ကလေးငယ်အတွက် ထိုမေးခွန်းများကို သင်က နိဂုံးချုပ်ဖြေဆိုမပေးလျှင် ထိုမေးခွန်းများကို ဖြေဆိုပေးမည့် အလားတူ စိန်ခေါ်မှုများကို ထပ်ကာထပ်ကာပြုလုပ်ပေတော့မည်။ ကလေးငယ်တစ်ဦးသည် ထိန်းသိမ်းအုပ်ချုပ်မှု ခံယူလိုခြင်းမှာ ကလေးဘဝ၏ အဆုံးစွန်သော အမှန်တရားတစ်ရပ်ဖြစ်သည်။ သို့ရာတွင် မိဘများက သူ့အားထိန်းသိမ်းအုပ်ချုပ်ခွင့်ကို သုံးစားနေသည်ဟု ကလေးငယ်စွဲစွဲမြဲမြဲ မှတ်ယူထားသည်။

**အောက်ပါနည်းစနစ်ကို အသုံးပြုပါက သင်၏ကလေးငယ်ကို ထာဝရထိခိုက် ပျက်ဆီးမှုမရှိစေနိုင်ပါ။**

စည်းကမ်းများကို ကြိုတင်စဉ်းစားသတ်မှတ်ပါ။ လက်ခံနိုင်သော အပြုအမူနှင့် လက်မခံနိုင်သော အပြုအမူများ ရှင်းလင်းတိကျမှုရှိပါစေ။ သိထားပြီးဖြစ်သော စည်းကမ်းများကို ကလေးငယ်ကစိတ်ကြီးဝင်သော အမူအရာဖြင့် သွေးအေးစွာ စိန်ခေါ်ပါက သူနောင်တရစေသည့် မှန်ကန်သော အကြောင်းပြချက်ကိုပေးပါ။ အချိန်တိုင်းတွင်ပင် ကလေးငယ်အပေါ် ချစ်ခြင်းမေတ္တာ၊ ကြင်နာမှုနှင့် နားလည်သဘောပေါက်မှု ထားရှိကြောင်း လုပ်ဆောင်ပြပါ။ စည်းကမ်းနှင့် ချစ်ခြင်းမေတ္တာတို့သည် ရန်ဘက်များမဟုတ်ကြပါ။ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြပါသည်။ အပြစ်ပေးခြင်းသည် ကလေးငယ်ကို ရည်ရွယ်ပြုလုပ်ခြင်းမဟုတ်။ ကလေးငယ်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု မိဘများကိုယ်တိုင် သဘောပေါက်ထားရပါမည်။ နာခံမှုမရှိသော သားသမီးအတွက် သူ၏သဘောထားမှာ "မင်းဒီလိုရိုင်းရိုင်းစိုင်းစိုင်း ပြုဖြစ်အောင်ငါကသိပ်ချစ်မိခဲ့တာကိုး" ဟူ၍ဖြစ်သင့်သည်။ ငယ်လွန်းသော ကလေးများအတွက် အောက်ပါဥပမာက ရှင်းလင်းစွာသဘောပေါက် စေပါလိမ့်မည်။

"ငှက်ကလေးတစ်ကောင်ဟာ သူ့မိခင်ငှက်မကြီးနဲ့အတူ အသိုက်ထဲမှာနေသတဲ့။ မိခင်ငှက်မကြီးက အစာရှာထွက်ကာနီးမှာ သူမရှိတုန်း အသိုက်ထဲက မထွက်နဲ့လို့ ငှက်ကလေးကို မှာခဲ့တယ်။ ပြီးနောက် ငှက်မကြီး အစာရှာထွက်သွားတယ်လေ။ ဒါပေမဲ့ ငှက်ကလေးက ငှက်မကြီးရဲ့ စကားကို နားမထောင်ဘဲ အသိုက်ထဲက ထွက်လိုက်တော့ မြေကြီးပေါ်ကို ပြုတ်ကျပြီး ကြောင်ကြီးတစ်ကောင်က သူ့ကိုကိုက်ချီသွားသတဲ့ကွယ်။ မေမေပြောတာကို နားထောင်ဖို့ပြောတိုင်း သားအတွက်ကောင်းဖို့ချည်းပဲလေ။ ငှက်မကြီးက ငှက်ကလေးကို မှာသလိုပေါ့။ သားခြံဝင်းထဲမှာပဲနေလို့ မေမေကဘာကြောင့်ပြောတာလဲဆိုရင် သားလေးလမ်းပေါ်ကို ပြေးထွက်မိပြီး ကားတိုက်မှာစိုးလို့ပေါ့။ သားကို မေမေကသိပ်ချစ်တော့ နည်းနည်းလေးမှ မထိခိုက်မိစေချင်ဘူးလေ။ မေမေ့စကားကိုနားမထောင်ရင် နားထောင်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာမှတ်မိအောင် သားကိုရိုက်ရလိမ့်မယ်။ သားနားလည်ရဲ့လား။"

အလေးအမြတ်ပြုမှုသည် တဘက်သတ်တည်း ဖြစ်နေပါက အကျိုးမရှိနိုင်ပေ။ ယင်းသည်အသွားအပြန်ရှိသော နှစ်လမ်းသွားစနစ်ဖြစ်သည်။ မိခင်တစ်ဦးသည် သူကိုယ်တိုင်ကသူ၏ သားသမီးအား ဂုဏ်သိက္ခာရှိစွာမပြုမူဘဲနှင့် သူ့အပေါ်သားသမီးက ဂုဏ်သိက္ခာရှိ အပြုမူခြင်းကို ခံယူရရှိရန် အကြောင်းမရှိပေ။ မိဘက ကလေးငယ်၏အတ္တကို သိမ်မွေ့စွာထိန်းသိမ်းသင့်သည်။ ကလေးငယ်၏ အပေါင်းအသင်းများရှေ့တွင် ကလေးငယ်နှင့် စကားများခြင်း သို့မဟုတ် ကလေးငယ်အား စိတ်ပျက်စေခြင်းတို့ မပြုမိစေရန် သတိထားရမည်။ မိမိကိုယ်မိမိအထင်ကြီးလေးစားမှုသည် သူ့သဘာဝတွင် ထိခိုက်လွယ်ဆုံးသော သဘောထားတစ်ရပ်ဖြစ်သည်။ အသေးအဖွဲ ကိစ္စလေးတစ်ခုကြောင့် မိမိကိုယ်မိမိအထင်ကြီး လေးစားမှုပျက်စီးသွားတတ်ပြီး ပြန်လည်တည်ဆောက်ရန် ခက်ခဲလှပေသည်။

ကလေးငယ် ၁၅လသား အရွယ်ကပင်စပြီး မိခင်၏အခွင့်အာဏာကို ပုံမှန်ဖီဆန်နိုင်ကြောင်း မိခင်တစ်ယောက်အနေဖြင့် မျှော်လင့်ထားရမည်။ မတ်တတ်ပြေးစ ကလေးငယ်သည် ဥပဒေနှင့် အမိန့်များကို လျစ်လျူရှုရာတွင် ကမ္ဘာ့ခေါင်းအမာဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ သူ့အားထိန်းချုပ်သော မိခင်အတွက် စိတ်ပျက်အောင်လည်း သူလုပ်နိုင်သည်။ သူ၏ မသိနားမလည်မှု လမ်းစဉ်အရ သူသည်ယုတ်မာသည်။ ကိုယ်ကျိုးရှာသည်။ အလိုဆန္ဒများသည်။ ကောက်ကျစ်သည်။ ဖျက်ဆီးတတ်သည်။ ဟာသမင်းသား ဘီလ်ကောစ်ဘီ (Bill Cosby) သည်မတ်တတ်ပြေးစ ကလေးငယ်တစ်ဦးနှင့် နေခဲ့သော အတွေ့အကြုံရှိခဲ့ဖူးမည်ထင်သည်။ ထိုကြောင့် သူက "ကျွန်တော်ကိုသာ ဖျတ်လတ်တက်ကြွတဲ့ ၂နှစ်သားကလေးငယ် ၂၀၀ပေးပါ။ ကမ္ဘာကြီးကို အုပ်စိုးပြမယ်" ဟူ၍ရည်ညွှန်းပြောဆိုခဲ့ဖူးသည်။

အရွယ်ရောက်ပြီးသူတစ်ဦးသည် ပြီးခဲ့သော အလေ့အကျင့်များနှင့် အပြုအမူများကို စုဆောင်းသိုမှီးထားသူတစ်ဦးဖြစ်ကြောင်း နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ၁၂နှစ်သား အရွယ်က အခြေမကျခဲ့သော ကိစ္စတစ်ရပ်သည် အရွယ်ရောက်သည့် ကာလအတွင်း စုစည်းကြီးထွားကာ ပေါက်ကွဲတတ်လေ့ရှိသည်။ ထို့ကြောင့် ဆယ်ကျော်သက် အရွယ်တည်းဟူသော ချိန်ကိုက်ဗုံးတစ်ခုကို စံနက်တံဖြုတ်ထားရမည့် အသင့်တော်ဆုံးအချိန်မှာ ၁၂နှစ်သားမရောက်ခင် အချိန်များပင်ဖြစ်သည်။

သားသမီးများ ပြုစုပျိုးထောင်ရာတွင် အောင်မြင်ဖြစ်ထွန်းဆုံး မိဘများတွင် သားသမီးမြင်သည့်အတိုင်း မြင်တတ်သော သားသမီးတွေးသည့်အတိုင်းတွေးတတ်သော သားသမီးခံစားသလို ခံစားတတ်သော သားသမီး၏ စိတ်မျက်လုံးနောက်ကွယ်တွင် ကပ်လျှက်ရှိနေတတ်သည့် စွမ်းရည်မျိုး ရှိကြသည်။ ထိုစွမ်းရည်မျိုးမရှိလျှင် သားသမီးများအား အန္တရာယ်ဖြစ်စေသည့် အပြုအမူများဖြင့် တုန့်ပြန်မှု ပြုကြပေလိမ့်မည်။ ဥပမာ ၂နှစ်သားကလေးငယ်တစ်ဦးသည် အိပ်ယာဝင်ချိန်တွင် အော်ဟစ်ငိုကြွေးပါက ဘာကြောင့်ဤသို့ဖြစ်ရသည်ဟူသော ဆက်သွယ်မှုကို မိဘတစ်ဦးက သေချာစွာသိရှိအောင် ကြိုးစားရမည်။ အခန်းမှောင်နေသည်ကို ကလေးငယ်ကြောက်လန့် ငိုကြွေးခြင်းဖြစ်လျှင်–အပြုအမူနောက်ကွယ်ရှိ အဓိပ္ပါယ်ကို စဉ်းစားဖော်ထုတ်နိုင်စွမ်းသည် မိဘကောင်းတို့၏ အတတ်ပညာတစ်ရပ်ဖြစ်သည်။

၂။ အပြစ်ပေးပြီးတိုင်း အကောင်းဆုံးဆက်သွယ်မှု အခွင့်အလမ်းပေါ်ပေါက်လေ့ရှိသည်။

ကလေးငယ်၏ ဖီဆန်အာခံမှုကို မိခင်(သို့) ဖခင်က ဆုံးဖြတ်ချက် ခိုင်မာစွာဖြင့် အောင်မြင်ပြီးသည့် အခြေအနေထက် မည်သည့်အခြေအနေကမျှ မိဘနှင့် သားသမီးကို ပိုမိုနီးကပ်အောင် မစွမ်းဆောင်နိုင်ပေ။ ကလေးငယ်က မိမိရရှိသောအပြစ်ဒဏ်သည် ထိုက်တန် သည်ဟုသေချာစွာ သဘောပေါက်နားလည်လျှင် ဤအချက်ကပို၍ မှန်ကန်ပေသည်။ မိဘများက ၎င်းတို့၏ အခွင့်အာဏာကို သရုပ်ဖော်ခြင်းသည် အခြားဖြစ်စဉ်များနှင့်မတူဘဲ မိဘနှင့်သားသမီးအကြား အလေးအမြတ်ထားမှုကို ခိုင်မာစေသည်။ အပြစ်ပေးခံရသဖြင့် ပေါ်ပေါက်လာသော ကလေးငယ်၏ ခံစားမှုပြောင်းလဲသွားသည့်အခါတိုင်း မိဘများကန့်ကွက်သည်မှာ ကလေးငယ်ကို မဟုတ်ဘဲ ကလေးငယ်၏ အပြုအမူကိုသာ ဖြစ်ကြောင်း မိဘ၏ဆွေးနွေးမှုကို ကလေးငယ်အား ပြသခြင်းသည် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်။

အပြစ်ပေး/အပြစ်တင်ပြီးနောက် အားပေးနှစ်သိမ့်ခြင်းသည် ရေချိုးပြီးနောက် အနွေးဓါတ်ရရှိသော နေရောင်ခြည်နှင့်တူသည်။

၃။ ဆူပူကြိမ်းမောင်းခြင်းမပြုရဘဲ ထိန်းချုပ်ခြင်း

ကလေးငယ်များအား အော်ဟစ်ငေါက်ငမ်းခြင်း၊ ဆူပူကြိမ်းမောင်းခြင်းတို့သည် အလေ့အထ ဖြစ်လာတတ်သည့်အပြင် အကျိုးသက်ရောက်မှု မရှိသောအလုပ်လည်းဖြစ်သည်။ သင်၏ကလေးငယ်ကို "ဒါနောက်ဆုံးအကြိမ်ပြောတာနော် နောက်ဆုံးပဲ"ဟုအမြဲတန်း အော်ငေါက်လေ့ရှိပါသလား။ မိဘများသည် ကလေးငယ်များ နာခံလုပ်ဆောင်ရန် အလုပ်နှင့်မပြဘဲ ဒေါသနှင့်ပြောလေ့ရှိကြသည်။ ဤသို့ဒေါသကိုအသုံးပြုခြင်းကား အကျိုးမရှိလှပေ။ ဥပမာတစ်ခုပြပါမည်။

မေမေနှင့်ဟင်နရီ။ ရှစ်နှစ်သားလေး ဟင်နရီသည် ကြမ်းပြင်ပေါ်တွင် ကစားရင်းထိုင်နေသည်။ မေမေက သူမ၏နာရီကိုကြည့်ပြီးနောက် "ဟင်နရီ ၉နာရီထိုးတော့မယ်နော်။ (မိနစ် ၃၀ခန့်ပို၍ ပြောသည်) ကစားစရာတွေသိမ်း၊ ထတော့၊ ရေချိုးတော့လေ" ဟုပြောသည်။ မေမေလည်းသိသည်။ မေမေက သူ့ကို ရေချိုးရန် စဉ်းစားခိုင်းခြင်းမျှသာ ဖြစ်သည်။ မေမေ၏ အနှစ်မပါသောအမိန့်ကို မနာခံဘဲ ဒီအတိုင်းထားလိုက်လျှင် မေမေ မေ့သွားလိမ့်မည်။ သို့နှင့် ၁၀မိနစ်ခန့်ကြာသွားသည်။ မေမေက "ကဲ ဟင်နရီ နောက်ကျနေပြီနော်။ မနက်ဖြန်လည်းကျောင်းတက်ရဦးမယ်။ ဒီတော့ ပစ္စည်းတွေသိမ်းပြီး ရေချိုးခန်းထဲသွားတော့" ဟုပြောလိုက်ပြန်သည်။ သူမအနေဖြင့် သူစကားကိုဟင်နရီ နားထောင်စေရန် ယခုတိုင်မရည်ရွယ်သေးပါ။ ဟင်နရီကလည်း ထိုသဘောကိုသိနေပါသည်။ သူမ၏ တစ်ကယ့်ဆိုလိုချက်မှာ "ငါမင်းကို စိတ်တိုတော့မယ်သားရေ" ဟူ၍ဖြစ်သည်။ ဟင်နရီက ဟိုပြေးဒီလွှားလုပ်ကာ သေတ္တာတစ်လုံးနှစ်လုံးကို ပုံထားပြီး မေမေ၏စကားကိုကြားဟန် ပြလိုက်သည်။ ပြီးနောက် ခဏတဖြုတ် ဆက်၍ကစားနေလိုက်သည်။ ၆မိနစ်ခန့်ကြာသော် မေမေက နောက်အမိန့်တစ်ခုကိုထုတ်သည်။ သည်တစ်ခါတော့ မေမေအသံတွင် စိတ်ဆိုးသံ၊ ဒေါသသံများပါလာတော့သည်။ "ကဲ နားထောင်စမ်း၊ အားလုံးသိမ်းတော့၊ မြန်မြန်လုပ်လေ၊ တစ်ကယ်ပြောနေတာနော်" သည်တစ်ခါအမိန့်ပေးခြင်းသည် ဟင်နရီအဖို့ ကစားစရာများကို သိမ်းပြီးရေချိုးတံခါးသို့ အပြေးအလွှား သွားရတော့မည် ဖြစ်ကြောင်းသဘောပေါက်စေသည်။ အကယ်၍ မေမေကသာ သူ့အားခြေလှမ်းကျဲကြီးတစ်လှမ်းတည်းဖြင့် ဖမ်းမည်ဆိုလျှင် သူ့ပစ္စည်းများကို သေပြေးရှင်ပြေးသိမ်းပြီး ရေချိုးရပေတော့မည်။ သို့သော် မေမေက ဤသို့မဟုတ်ဘဲ စဉ်းစားနေဦးမည်ဆိုပါက ဟင်နရီအတွက် ပျော်စရာအချိန် နည်းနည်းပါးပါးထပ်၍ ဆွဲထားနိုင်ကောင်းပေသည်။

မေမေနှင့်ဟင်နရီတို့၏ တစ်လမ်းသွားဆက်ဆံရေးကား သင်တွေ့သည့်အတိုင်းပင်ဖြစ်သည်။ ဆန့်ကျင်ဘက် ကစားသမားနှစ်ဦးတို့ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းနှင့် ပါဝင်ရမည့်ကဏ္ဍကို နှစ်ဦးစလုံးသိနေကြပါသည်။ ဟင်နရီ မကြိုက်သည့် အလုပ်တစ်ခုကိုမေမေကလုပ်စေချင်သည့် အခါတိုင်း မေမေတဖြည်းဖြည်းဒေါသထွက်ရသည်။ ဒေါသမပါဘဲ လေအေးအေးကလေးနှင့် စတင်ခိုင်းစေမှုသည် ဒေါသမီးတောက်ပြီး ကြိမ်းမောင်းခြိမ်းခြောက်မှုဖြင့် အဆုံးသတ်ရလေ့ရှိသည်။ ဟင်နရီကလည်း မေမေဒေါသ အထွတ်အထိပ်မရောက်မချင်း တစ်လက်မမျှ မရွေ့ပေ။ မည်မျှမိုက်မဲသည့် ကစားနည်းဖြစ်ပါသလဲ။ မေမေ၏ အနှစ်မပါသော ခြိမ်းခြောက်မှုများဖြင့် သူ့ကိုထိန်းချုပ်ကတည်းက သူမရှုံးဖို့သာဖြစ်ချေတော့သည်။ သူမနှင့် သားသမီးများ၏ ဆက်ဆံရေးကား ရှင်းလင်းပြတ်သားမှုမရှိဘဲ ရောထွေးနေသည်။ နေ့စဉ်နေ့တိုင်း ခေါင်းခဲ၊ ခေါင်းကိုက်ခြင်းဖြင့်သာ အဆုံးသတ်ရသည်။ တစ်သဝေမတိမ်း နာခံမှုဆိုသည်ကို သူမစဉ်းစားမရခဲ့ချေ။ ဒေါသပြေပျောက်ရန်အတွက် အနည်းဆုံး ၅မိနစ်ခန့် အချိန်ယူရသည်။ အလုပ်တစ်ခုပြီး မြောက်စေရန် အလုပ်ကို အသုံးပြု ခိုင်းစေနိုင်လျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ ကလေးငယ်အား အလုပ်တစ်ခုလုပ်ဆောင်ရန် နည်းလမ်းများစွာ ရှိပါသည်။ အချို့နည်းများတွင်လည်း ချီးမြှောက်မှု (ဆုပေးမှု)များလည်း ပါဝင်ပါသည်။

<u>ဒေါသ၏အကျိုးမဲ့မှု</u>

ကျွန်ုပ်တို့ချစ်မြတ်နိုးသော ကလေးငယ်တစ်ဦးအား ကျွမ်းကျင်စွာ ကြိုတင်စီစဉ်ထားသော ပြစ်ဒဏ်ပေးမှု အပေါ့စားကလေးကို အသုံးပြုခြင်းသည် ကြမ်းတမ်းပြီး မနှစ်မြို့ဖွယ်ကောင်းသော အကြံပြုချက် ဟုယူဆသူများ စာဖတ်သူများအတွင်း ရှိနေပါလိမ့်မည်။ ကျွန်ုပ်ကိုဖြေကြားပေးပါဟု ထိုသူများအား ပြောချင်ပါသည်။ အခြားနည်းများကို စဉ်းစားကြည့်ပါ။ တစ်သက်တွက် မိဘနှင့်သားသမီးအကြား

ဆူပူကြိမ်းမောင်းခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့ အမြဲတစ်စေ ဖြစ်ပွားနေသည်။ ဆူပူကြိမ်းမောင်းနေသော စကားလုံး သန်းပေါင်းများစွာ၏ နောက်ကွယ်တွင် ခြိမ်းခြောက်မှုမပါရှိကြောင်း ကလေးငယ်များ စူးစမ်းသိရှိသွားလျှင် ထိုစကားလုံးများကို နားထောင်တော့မည်မဟုတ်ပေ။ ထိုစကားလုံးများကို ကလေးငယ် တုန့်ပြန်ခြင်းအားဖြင့် ဒေါသကို အထွတ်အထိပ်ရောက်စေပြီး အော်ဟစ်ခြင်း၊ ငေါက်ငမ်းခြင်းကိုသာ ဆက်လက်ဖြစ်ပေါ်စေတော့မည်။ ကလေးငယ်သည် မိဘနှင့်ဆန့်ကျင်ဘက် ဖြစ်သွားပြီး မိခင်အား ဦးနှောက်ခြောက်အောင်လုပ်ကာ မိဘနှင့်သားသမီးအကြားရှိ ဆက်ဆံရေးကို တင်းမာလာစေသည်။ သို့ရာတွင် နူတ်ဖြင့်ပြင်းထန်စွာ အပြစ်တင်ခြင်း၏ အရေးကြီးဆုံး ကန့်သတ်ချက်မှာ ထိုသို့ပြောဆိုသူများသည် မည်သည့်နည်းနှင့်မဆို နောက်ဆုံးတွင် ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေးမှုကိုသာ ဦးတည်လေ့ရှိကြခြင်းဖြစ်သည်။ ထို့ကြောင့် အေးဆေးတည်ငြိမ်ပြီး အမြော်အမြင်ရှိစွာ ချမှတ်ထားသော စည်းကမ်းဖြင့် ထိန်းချုပ်ရမည့်အစား မိဘများအနေဖြင့် ဖီဆန်နေသော ကလေးငယ်အပေါ် စိတ်ဓါတ်ကျပြီး စိတ်သောကများကာ ကြမ်းတမ်းစွာလှုပ်ရမ်း ရိုက်ပုတ်တတ်ကြတော့သည်။

.......................................................................

ပြစ်မှုနှင့် ပြစ်ဒဏ် သင့်တော်မျှတအောင်ကြိုးစားပါ။ သင့်တော်သော သတိပေးမှု၊ ဟန့်တားမှုများ သေချာအောင် ပြုလုပ်ပြီးမှ စည်းကမ်းဖေါက်ဖျက်သော ကလေးငယ်ကို အပြစ်ပေးပါ။ သို့မှသာ သူတို့ ဆက်လက်ဖေါက်ဖျက်ပါက ဖြစ်လာမည့် အကျိုးဆက်ကို သဘောပေါက်ပါလိမ့်မည်။ စည်းကမ်းနှင့် အပြစ်ပေးမှုကို အသေအချာမပေးဘဲ စွဲမြဲစွာထိန်းထားသော သင်ကမလုပ်ရဟု သတိပေးထားသောအရာကိုလုပ်မိပါက သေချာပေါက် ပြစ်ဒဏ်ပေးခံရမည်ဟု သူတို့နားလည်လာမည်။

.........................................................................

ကလေးငယ်က သူသည်စည်းကမ်းဖေါက်ဖျက်မိကြောင်းကောင်းစွာ သိရှိခြင်းကို မည်သည့်အခါမျှ လျော့မတွက်ပါနှင့်။ လူကြီးများ၏အခွင့်အာဏာကို ၎င်းတို့ဖီဆန်မှုနှင့် ပါတ်သက်၍ ကလေးငယ်အများစုက အတော်ပင်ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်ကြပါသည်။ ဖြစ်လာမည့်အရေးကို သူတို့ ကြိုတင်တွေးဆကြသည်။ ဖြစ်နိုင်ချေရှိသော အကျိုးဆက်များကို ကြိုတင်ချိန်ဆထားတတ်ကြပါသည်။ စည်းကမ်းဖေါက်ဖျက်မှု ကြီးမားလျှင် အပြစ်ပေးခံရမည်မှာ သေချာသဖြင့် သူတို့ကိုယ်သူတို့ အကာအကွယ် ယူတတ်ကြပါသည်။ မိခင်အား သည်းခံနိုင်မှု ကုန်ဆုံးပြီး ဒေါသထွက်အောင်တွန်းပို့သော်လည်း ဖခင်နှင့်မူ ပလဲပနံသင့်အောင် နေတတ်သည့် သားသမီးငယ်များရှိသည့်သန်းပေါင်းများစွာသော မိသားစုများအတွင်း ဤကဲ့သို့ စရိုက်လက္ခဏာများရှိကြောင်း ထင်ရှားလှပါသည်။ "ရစ်ကီက သူ့အဖေစကားဆို တစ်သဝေမတိမ်းနားထောင်ပေမဲ့ ကျွန်မကျတော့ ဖုတ်လေတဲ့ငပိ ရှိတယ်တောင်မမှတ်ဘူး" ဟုမေမေက တဟင့်ဟင့်ရှိုက်ငို၍ ပြောသည်။ ရစ်ကီကမူ မေမေသည်ဖေဖေထက် လုံခြုံစိတ်ချမှု ရှိကြောင်းသဘောပေါက်ထားပါသည်။

အကျဉ်းချုပ်ဆိုရပါမူ အောင်မြင်မှုရှိဆုံးသော ထိန်းချုပ်ကွပ်ကဲနည်းများမှာ ကလေးငယ်အတွက် အရေးကြီးသော အရာကိုကျွမ်းကျင်စွာကိုင်တွယ်နိုင်သော နည်းစနစ်များ ဖြစ်ကြောင်းကို မိဘများက သတိပြုသင့်လှပေသည်။ သေးငယ်ပေ့ါပါးသော အပြစ်ပေးမှုများသည် အရေးကြီးသော ပြောင်းလဲမှုတစ်ရပ်ပင်ဖြစ်သည်။ စကားဖြင့်သာထပ်တလဲလဲ ပြောဆိုထိန်းချုပ်ခြင်းသည် ကလေးငယ်အတွက် လှုံ့ဆော်နိုင်စွမ်း မရှိသလောက်နည်းပါးသည်။

"ဒါကို အခုဘာဖြစ်လို့ မလုပ်တာလဲ ဂျက်။ မင်းဘယ်တော့မှ ချက်ချင်းမလုပ်ဘူး။ မင်းကို ငါဘယ်လိုလုပ်ရမလဲသား။ မင်းကို အမြဲပဲစောင့်ကြည့်နေရတော့မှာလား။ ငါ့ကိုလည်းသနားပါဦး။ ခိုင်းတဲ့အတိုင်း ဘာဖြစ်လို့ မလုပ်သလဲဆိုတာ ငါမတွေးတတ်တော့ဘူး။ တစ်ခါတည်းဆိုမှ တစ်ခါလောက် မင်းအသက်နဲ့အရွယ်လိုက်အောင် လုပ်ပြစမ်းပါဦး" စသဖြင့်။

ထိုသို့ဒေါသနှင့် ယှဉ်သောအဆုံးမရှိ စကားများကို ဂျက်တစ်ယောက် လနှင့် နှစ်နှင့် ချီ၍သည်းခံနိုင်စွမ်း ရှိလာခဲ့သည်။ ထိုစကားများကို မကြားဘဲနေနိုင်အောင် ဂျက်အား သဘာဝတရားက ယန္တရားတစ်ခုတပ်ဆင်ပေးခဲ့သည်။ ရထားလမ်းဘေးတွင် ထိုင်နေသောသူသည် ရထားဖြတ်သွားသံကို မကြားဘဲ နေနိုင်စွမ်းရှိသကဲ့သို့ပင် ဖြစ်ပေသည်။ အလားတူစွာ ဂျက်သည်လည်း သူ့ဝန်းကျင်မှ အဓိပ္ပါယ်မဲ့သော အသံများကို ဥပေက္ခာပြုနိုင်စွမ်း ရှိလာခဲ့သည်။ ဂျက် (နှင့်အပြိုင်ကလေးငယ်များသည်) သူ၏ပုဂ္ဂိုလ်ရေး ပူးပေါင်းဆောင်ရွက်ခွင့်သာ ရှင်းလင်းတိကျစွာရရှိလျှင် ယခုချက်ချင်းပင် လုပ်ဆောင်လိုစိတ် ပိုမိုပြင်းပြ ကြပါလိမ့်မည်။

၄။ သင့်ကလေးငယ်အား လွန်ကဲသောရုပ်ဝါဒ မကပ်ငြိပါစေနှင့်။

အကျင့်စာရိတ္တကို ဆင်းရဲဒုက္ခထက် ချမ်းသာသုခဖြင့်ပို၍ စမ်းသပ်စစ်ဆေးနိုင်သည်။ (ဆင်းရဲသည့် ဒဏ်ကိုခံနိုင်သည်။ ချမ်းသာသည့်ဒဏ်ကို မခံနိုင်ကြချေ။) ဤအဆိုကို ကျွန်ုပ်သဘောတူသည်။ ကလေးငယ်တစ်ဦးအတွက် သူလိုချင်သောအရာကို လိုချင်သည့်အချိန်တွင် ရပိုင်ခွင့်ရှိသည်ဟု နားလည်သဘောပေါက်မှုကို ကန့်သတ်ထားသော အခြေအနေများလည်းရှိပါသည်။ သူ၏မွေးနေ့ပွဲ သို့မဟုတ်ခရစ္စမတ်အခါသမယ၌ လက်ဆောင်ပစ္စည်းထုပ်များကို ဆုတ်ဖြဲဖွင့်ဖေါက်နေသော အကျင့်ပျက်ကလေးငယ်တစ်ဦးအား စောင့်ကြည့်ခြင်းဖြင့် သဘောပေါက်နားလည်နိုင်ပါသည်။ ကလေးငယ်က တန်ဖိုးရှိသောပစ္စည်းများကို တစ်ချက်မျှသာကြည့်၍ ဘေးဖယ်ထားလိုက်သည်။ ကလေး၏မိခင်က ကလေးငယ်၏ စိတ်ဝင်စားမှုနည်းခြင်းအတွက် စိတ်မကောင်းဖြစ်နေသည်။ ထို့ကြောင့် "အို မာဗင်ရယ် ဒီမှာဘာလေးလဲကြည့်စမ်း၊ အသံဖမ်းစက်သေးသေးလေးပါလား၊ ကဲ ဘွားဘွားကို ဘယ်လိုပြောမလဲ။ ဘွားဘွားကို ဖက်လိုက်စမ်း။ မေမေပြောတာကြားရဲ့လား

မာဗင်။ သွား ဘွားဘွားကိုဖက်ပြီး မွေးမွေးပေးလိုက်စမ်း။” ဟု မိခင်ကပြောလိုက်သည်။ မာဗင်က ခိုင်းသည့်အတိုင်း ဘွားဘွားကို မွေးမွေးပေးချင်လည်းပေးမည်။ မပေးချင်လည်းနေမည်။ သူ၏စိတ်တွင် အဆိုပါပစ္စည်းများ၏ မူရင်းရောင်းဈေးသည် မည်မျှပင်ဖြစ်စေကာမူ ဤမျှ အလွယ်တကူနှင့် ပေါပေါများများရသော ပစ္စည်းများသည် တန်ဖိုးမရှိဟု ယူဆထားပေသည်။

၅။ မေတ္တာလွန်ကဲခြင်းနှင့် ထိန်းချုပ်မှုအစွန်းရောက်ခြင်းတို့ကို ရှောင်ကြည်ပါ။

အစွန်းရောက်သော စည်းမျဉ်းချမှတ်မှု၏ အကျိုးဆက်များနှင့် ပါတ်သက်၍ မေးစရာအနည်းငယ်ရှိလာပါသည်။ တင်းကြပ်လွန်းစွာစည်းကမ်းချမှတ်ခြင်းကြောင့် ကလေးငယ်အနေဖြင့် လုံးဝသိက္ခာအချခံရသည်။ အရှက်ခွဲခံရသည်ဟု ခံစားလာရသည်။ အခြေအနေမှာ အေးစက်မာကြောပြီး အစဉ်အမြဲထိတ်လန့်ကြောက်ရွံ့မှုဖြင့် အသက်ရှင်နေရသည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းမရှိသဖြင့် သူ၏ ကိုယ်ရည် ကိုယ်သွေးသည်လည်း မိဘအခွင့်အာဏာတည်းဟူသော ဖိနပ်ခွာ၏အောက်တွင် ဗွမ်းကနဲမြည်ကာ စုန်းစုန်းမြုပ်သွားရ ပေတော့သည်။

ချစ်ခြင်းမေတ္တာ မရရှိသော ထိတွေ့ကိုင်တွယ် ချော့မြူခြင်းမခံရသော မွေးကင်းစကလေးငယ်တစ်ဦးသည် သေဆုံးတတ်ကြောင်းကို ဆယ်စုနှစ်များစွာကပင် သိရှိခဲ့ကြပြီးဖြစ်သည်။ ထိုအချက်ကို ၁၃ရာစုနှစ် အစောပိုင်းက ဖရက်ဒရစ် (Frederick) သည် မွေးကင်းစ ကလေးငယ် ၅၀ဦးကို လက်တွေ့စမ်းသပ်မှုတစ်ခု ပြုလုပ်ရာမှ လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကလေးငယ်များသည် စကားပြောသံကို ကြားရသည့် အခွင့်အလမ်းများ မည်သည့်အခါမှ မရခဲ့လျှင် ထိုကလေးများ မည်သည့်ဘာသာစကားဖြင့် ပြောဆိုကြမည်ကို သူတွေ့မြင်ချင်ခဲ့ သည်။ ထိုသုတေသနလုပ်ငန်းအတွက် မွေးစားမိခင်များ (အငှားမိခင်) ကို ငှားရမ်းကာ ကလေးများအား ရေချိုးပေး၊ နို့တိုက်ပေးစေခဲ့သော် လည်း ပွတ်သပ်ချော့မြူခြင်း၊ ပွေ့ချီခြင်းနှင့် စကားပြောခြင်း မပြုရန်တားမြစ်ခဲ့သည်။ ကလေးငယ် ၅၀ဦးစလုံး သေဆုံးသွားသဖြင့် ထိုသုတေသန လုပ်ငန်းပျက်စီးသွားခဲ့သည်။ ကလေးငယ်၏ အသက်ရှင်ကျန်ရှိရေးတွင် ပထမတစ်နှစ်သားအတွင်း မိခင်နှင့်ကလေး၏ ဆက်ဆံရေးလည်း အထူးပင် အရေးကြီးလှကြောင်းကို မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာမှု (၁၀၀)ကျော်က ရည်ညွှန်းဖော်ပြခဲ့ကြသည်။ ကျန်းမာကြံ့ခိုင်ပြီး တာဝန်သိသော သားသမီးများဖြစ်ထွန်းစေလိုပါက မဇ္ဈိမပဋိပဒါ ကျသောချစ်ခြင်းမေတ္တာနှင့် ထိန်းကွပ်မှုမျိုးကိုသာလျှင် တွေ့ရှိရမည်ဖြစ်သည်။

°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°

ရေရှည်ရည်မှန်းချက်မှာ ကလေးငယ်များအား ချစ်ခြင်းမေတ္တာမပါဘဲ နာခံတတ်စေရန် အားပေးအားမြှောက်ရမည်ဖြစ်သည့်အပြင် အမှားနှင့်အမှန်ကို ခွဲခြားတတ်ကာ အမှန်တရားကိုသာ ရွေးချယ်တတ်သည့် အသိအမြင်ရရှိအောင် ဆောင်ရွက်ရေးပင်ဖြစ်သည်။

°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°°

## အကျဉ်းချုပ်

အကယ်၍ ကျွန်ုပ်များနားလည်မှုလွဲမှားခံခဲ့ရလျှင် ကျွန်ုပ်တင်ပြချက်များ၏ ဆန့်ကျင်ဘက်အကြောင်းအရာများကို အလေးပေးပြောဆိုရမည်ဖြစ်ပါသည်။ သင်၏နေအိမ်တွင်း တင်းကျပ်ရမည်။ ဖိနှိပ်ချုပ်ချယ်ရမည်ဟု ကျွန်ုပ်အကြံမပြုပါ။ ရိုးရှင်းသော စည်းကမ်းသတ်မှတ်ရန်ကိုသာ ကျွန်ုပ်အကြံပြုခြင်းဖြစ်ပါသည်။ သင့်အားအာခံတုန့်ပြန်လာလျင် ခိုင်မာစွာအနိုင်သူပါ။ ကလေးများက “မည်သူကအုပ်ချုပ်သူလဲ” ဟုမေးလာလျှင် သူ့အားမည်သူအုပ်ချုပ်သူဖြစ်ကြောင်း ပြောပြလိုက်ပါ။ “ကျွန်တော့ကို ဘယ်သူက ချစ်တာလဲ” ဟုညည်းတွားလာလျှင် သူ့ကိုပွေ့ဖက်၍ ချစ်ခြင်းမေတ္တာဖြင့် လွှမ်းခြုံပေးလိုက်ပါ။ သူ့ကို အလေးအမြတ်ထားမှုနှင့် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံပါ။ သူကလည်း အလေးအမြတ်ထားမှုနှင့် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံပါစေ။ သို့ဖြင့် ကျွမ်းကျင်လိမ္မာသော မိဘတစ်ဦးဖြစ်ရခြင်း၏ ချိုမြိန်သော အကျိုးကျေးဇူးများ စတင်သုံးဆောင်ခံစားပါ။

မေးခွန်းလွှာနှင့်အဖြေများ

၁။ အပြစ်ဒဏ်ပေးခြင်း၏ရည်ရွယ်ချက်

မေးခွန်း။ ။ ကျွန်ုပ၏ ၃နှစ်သားကလေးငယ်ကို ဘယ်တော့မှ မရိုက်ပါ။ အကြောင်းမူ ထိုသို့ရိုက်ခြင်းသည် သူကအခြား ကလေးများအား ရိုက်တတ်အောင်သင်ပေး သကဲ့သို့ဖြစ်စေပြီး အကြမ်းဖက်သူတစ်ဦးဖြစ်လာမည်ကို စိုး၍ဖြစ်ပါသည်။ ကျွန်ုပ်မှားသည်ဟုယူဆပါသလား။

ဖြေ။ ။ သင်မှားသည်ဟုယူဆပါသည်။ သို့သော်အရေးကြီးသော အချက်တစ်ခုကိုမူ သင်ဆောင်ရွက်ခဲ့ပါသည်။ မိဘများသည် ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်သည့် သဘောမျိုးပြုမူခြင်းဖြင့် ကလေးငယ်ကို ရန်လိုတတ်အောင်၊ ဒေါသကြီးတတ်အောင် သင်ပေးသကဲ့သို့ ဖြစ်စေတတ်ပါသည်။ မိဘများသည် အော်ဟစ်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်း၊ စိတ်လိုက်မာန်ပါ ရိုက်နှက်ခြင်း၊ကလေးများ၏ မတော်တဆဖြစ်

မှုနှင့် မှားယွင်းမှုများကို ဖြေရှင်းပေးရန် ပျက်ကွက်ခြင်းတို့ဖြစ်ပါက ၎င်းတို့သည် ကလေးများအတုယူစရာ နမူနာများ ဖြစ်လာစေပါသည်။ ထိုသို့သောမိဘများ၏ အကြမ်းဖက်ပေါက်ကွဲမှုသည် စစ်မှန်သောစည်းကမ်းချမှတ်သည့် ချဉ်းကပ်နည်းနှင့် ကဏ္ဍများစွာ အလှမ်းကွာလှပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကလေးတစ်ဦးသည် ဦးခေါင်းကို ငိုက်စိုက်ချပြီး လက်သီးဆုပ်ထားလျှင် သူသည်မိဘများအား အန်တုဖက်ပြိုင်နေခြင်းဖြစ်သည်။ မိဘများက နည်းလမ်းမှန်ကန်စွာ တုန့်ပြန်လျှင် ကလေးငယ်အား သဘာဝတရား၏ စည်းကမ်းနည်းလမ်းနှင့် ကိုက်ညီသော အဖိုးတန်သင်ခန်းစာကို သင်ကြားပေးခြင်းပင်ဖြစ်ပါသည်။

ဘဝတွင်နာကျင်ခံစားရခြင်း (ဘဝနာခြင်း) ၏ ရည်ရွယ်ချက်ကိုစဉ်းစားကြည့်ပါ။ ၂နှစ်သား အရွယ်ပီတာကလေးသည် စားပွဲခင်းကို ဆွဲချလိုက်သည်။ နှင်းဆီပန်းအိုးသည် စားပွဲစွန်းမှ လိမ့်ကျသွားပြီး ပီတာကိုထိမှန်ကာ မျက်လုံးနှစ်လုံးကြားတွင် ကွဲသွားသည်။ ပီတာ အလွန့်အလွန်နာကျင်သွားသည်။ ဤသို့နာကျင်ခံစားရခြင်းကြောင့် စားပွဲခင်းကိုဆွဲလျှင် အန္တရာယ်ရှိသည်ဟူသော သင်ခန်းစာကို ပီတာရရှိသွားသည်။ ထိုအတူ ပူနေသောမီးပူအား လက်နှစ်ဖက်ဖြင့် ဖိကိုင်လိုက်ရာ မီးကိုသတိနှင့်ကိုင်ရမည်ဟူသော အသိကိုချက်ခြင်းရရှိသွားသည်။ ခွေး၏ အမြီးကို ပီတာဆွဲလိုက်ရာ သူ၏လက်ဖျံတွင် ခွေးဆွဲလိုက်သော သွားရာထင်ကျန်ခဲ့သည်။ မိခင်အလစ်တွင် ကုလားထိုင်အမြင့်ကြီးပေါ်သို့ တက်လိုက်ရာ လဲကျသွားပြီး ကမ္ဘာကြီး၏ ဆွဲငင်အားကို သဘောပေါက်သွားသည်။ ၃–၄နှစ်သားအရွယ် ကလေးများအတွက်မူ တိုက်မိ၊ ဆောင့်မိခြင်းသည် အတွင်းကြေဒဏ်ရာရခြင်း၊ စုတ်ပြဲဒဏ်ရာရခြင်း၊ အပူလောင်ခြင်းစသည်တို့ဖြင့် စုပြုံနေပေလိမ့်မည်။ အဆိုပါဒဏ်ရာတစ်ခုချင်းစီက သူ့အားဘဝ၏ နယ်ဝေးမျဉ်းများ (အကန့်အသတ်) များကို သင်ကြားပေးနေပါသည်။ ထိုအတွေ့အကြုံများက သူ့အားအကြမ်းဖက်သူ တစ်ယောက်ဖြစ်အောင် တွန်းပို့နေပါသလား။ မဟုတ်ပါ။ ယင်းအဖြစ်အပျက်များနှင့် တွဲလျက်ပါလာသော နာကျင်ခံစားမှုများက နောင်တွင်ဤသို့သော အလားတူအမှားမျိုး ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်ရန် သင်ကြားပေးခြင်းဖြစ်သည်။ စည်းကမ်းချမှတ်ရေးအတွက် ကလေးငယ်၏ အကောင်းဆုံးယာဉ်တစ်စီးအဖြစ် အဆိုပါယန္တရား (ဖြစ်စဉ်) ကို ဘုရားသခင်က ဖန်တီးခဲ့ခြင်းဖြစ်စည်။ အချို့သော လူမှုရေး ယန္တရားယ်များနှင့် ပါတ်သက်၍ အထက်ပါလုပ်ငန်းစဉ်များကို အသုံးပြုကာ မိဘများ၊ ကလေးငယ်များကို သင်ကြားပေးနိုင်ပါသည်။ သင်ကြားပေးသင့်ပါသည်။ မိဘများက ဖော်ပြပါစည်းမျဉ်းများကို အသုံးချရန် ပျက်ကွက်ခဲ့လျှင် ပီတာသည် အကြမ်းဖက်တတ်သော ကလေးတစ်ဦးနှင့် ပို၍တူလာပေလိမ့်မည်။ အကြောင်းမူ တစ်ကိုယ်ကောင်းဆန်စွာ အာခံအန်တုကာ ရန်လိုစွာပြုမူသော အကျိုးဆက်များ၏ နာကျင်ခံစားရမှုကို သင်ယူရန် နှောင်းခဲ့ပြီဖြစ်သောကြောင့်တည်။

……………………………………………………………………

၃နှစ်သား ကလေးငယ်တစ်ဦးသည် အဆိုပါအရွယ်၏ စရိုက်သဘာဝအရ လုပ်ဆောင်ရမည့် အရာများ၏ထက်ဝက်ကျော်ကို လုပ်ဆောင်တတ်ပြီး ဖြစ်နေခြင်းအား မိခင်နှင့်ဖခင်များ သဘောပေါက်ကြရပါသည်။

……………………………………………………………………

မေးခွန်းများနှင့်အဖြေများ

၂။အနားသတ်စည်းမျဉ်းလိုအပ်ခြင်း

မေး။ ။ အနားသတ်စည်းမျဉ်းများကို သင်ဖော်ပြခဲ့ပါသည်။ ကလေးငယ်တစ်ဦးသည် သူဆုံးဖြတ်ထားသော အပြုအမူအတွက် ကန့်သတ်ချက်များ ထားရှိခြင်းကို အမှန်တကယ်လိုပါသလား။

ဖြေ။ ။ အလိုလားဆုံးဖြစ်ပါသည်။ ကလေးငယ်များနှင့် နှစ်ပေါင်းများစွာ လေ့လာဆောင်ရွက်ခဲ့ပြီးနောက် ထိုအချက်ကို ကျွန်ုပ်ပိုမိုနားလည်သဘောပေါက် နိုင်ခြင်းမရှိခဲ့ပါ။ သူတို့သည် အနားသတ်စည်းမျဉ်းကို သိရှိခြင်းမှတစ်ဆင့် ဘေးကင်းလုံခြုံမှုကို ရရှိကြပါသည်။ ဥပမာတစ်ခုဖြင့် ထင်ရှာစေပါသည်။ ကော်ရိုလာဒိုပြည်နယ်ရှိ ရွိုင်ရယ်ဂျော့ချ် (**Royal Gorge**) တံတားကြီးပေါ်တွင် သင်ကိုယ်တိုင်ကားမောင်းနေသည်ဟု စိတ်ကူးကြည့်ပါ။ ထိုတံတားကြီးသည် ချောက်ကမ်းပါးကြီး၏ ကြမ်းပြင်မှ အထက်အမြင့်ပေ ရာပေါင်းများစွာ အကွာအဝေးတွင် တည်ဆောက်ထားပါသည်။ ပထမဆုံးအကြိမ် ဖြတ်သန်းသူတစ်ဦးအနေဖြင့် တံတားကြီးကို ကျော်ဖြတ်မောင်းနှင်ရာတွင် သင့်နေဖြင့် စိတ်ထဲတွင် ထင့်နေပြီး တွန့်ဆုတ်နေပေလိမ့်မည်။ (ကလေးငယ်တစ်ဦးက တံတားကြီးပေါ်မှ ဖြတ်လာသည့် မြင်ကွင်းကို တအံ့တသြကြည့်ရင်း "အမလေး ဖေဖေရေ ဒီတံတားကြီးပေါ်က ပြုတ်ကျရင်တော့ ပွဲချင်းပြီးပဲ" ဟုပြောသံကို ကျွန်ုပ်ကြားဖူးသည်။)

တံတားကြီး၏ ဘေးနှစ်ဘက်တွင် ကာရန်ထားသော လက်ရန်းများမရှိဟု ဆိုပါစို့။ ကားကို သင်မည်သို့ထိန်းမည်နည်း။ တံတားကြီး၏ အလယ်တည့်တည့်တွင် ရောက်ရှိနေပြီဆိုပါစို့။ ထိုဘေးကာလက်ရန်းများကို သင်တိုက်မိမည်ဟု မရည်ရွယ်သော်လည်း ထိုလက်ရန်းများရှိနေသည်ဟု သိနေခြင်းကြောင့် ပို၍အန္တရာယ်ကင်းသလို ခံစားရပေသည်။ ကလေးငယ်များအား ထိုနည်းတူစွာပင် လက်တွေ့သရုပ်ပြနိုင်ပါသည်။ "တိုးတက်သောပညာရေး" လှုပ်ရှားမှု အစောပိုင်းကာလများက စိတ်အားထက်သန်သော သဘောတရား ပညာရှင်တစ်ဦးသည် ကလေးပြုစုရေး ကျောင်းဝန်းကျင်ကို ကာရန်ထားသော သံဇကာကွက် ခြံစည်းရိုးများကို ဖျက်ပစ်ရန် ဆုံးဖြတ်ခဲ့သည်။ ကလေးငယ်များ သည်

သူတို့၏ ပတ်ဝန်းကျင်တွင် မြင်သာသော အကာအရန်များမရှိဘဲ ပို၍လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ကြလိမ့်မည်ဟု သူကယူဆသော ကြောင့် ဖြစ်သည်။ သို့ရာတွင် ခြံစည်းရိုးများကို ဖယ်ရှားပြီးသောအခါ ယောကျ်ားကလေးရော၊ မိန်းကလေးများပါ ကစားကွင်းအလယ်တွင် သာတိုးဝှေ့ကစား နေကြသည်။ သူတို့သည် ပတ်ဝန်းကျင်ကို လှည့်ပါတ်ပြေးလွှားသွားဖို့ မဆိုထားထိ။ ကစားကွင်းအစပ်ကိုပင် ကျော်၍မ ကစားကြတော့ပါ။

ဤတွင် လုံခြုံမှုဟူသည် ကန့်သတ်ခြင်းဟု အဓိပ္ပါယ်ရပေသည်။ နေအိမ်ဝန်းကျင်သည်လည်း ရှိသင့်သောအင်္ဂါရပ်နှင့် ပြည့်စုံညီ ညွတ်ပါက ကလေးများပို၍ ဘေးကင်းလုံခြုံစွာ နေထိုင်ကြပါသည်။ ကန့်သတ်ချက်ကို ကလေးငယ်ဘဝကပင် ဖေါက်ဖျက်မှုမရှိမချင်း အန္တရာယ်မဖြစ်နိုင်ပါ။ ကန့်သတ်ချက်အတွင်း နေသမျှကာလပါတ်လုံး ပျော်ရွှင်မှု၊ လွတ်လပ်မှုနှင့် လက်ခံမှုတို့ကို ခံစားရမည်ဖြစ်ပါသည်။

မေးခွန်းများနှင့်အဖြေများ

၃။ စည်းကမ်းသည်အကျိုးမဲ့ (အချည်းနှီး) ဖြစ်တတ်ပါသလား။

မေး။ ။ ကျွန်ုပ်၏သားသမီးများ နာခံမှုမရှိသောကြောင့် သူတို့ကို ရိုက်နှက်၍ဆုံးမပါသည်။ သို့သောထိရောက်ပုံမရပါ။ ထိုနည်းသည် အ ချို့ကလေးများအတွက် အကျိုးမဲ့ ဖြစ်တတ်ပါသလား။

ဖြေ။ ။ စည်းကမ်းသည် အကျိုးမရှိဟု တိုင်းတာမိလျှင် စည်းကမ်းကို အသုံးပြုရာ၌ အခြေခံကျသော အမှားများရှိနေခြင်း ကြောင့်ဖြစ် သည်။ ကလေးများသည် ရိုက်၍အပြစ်ပေးသည်ကို ဂရုမထားဘဲ ယခင်ချိုးဖောက်ခဲ့သော စည်းကမ်းကိုပင် ပြန်လည်ချိုးဖောက်လေ့ရှိကြ ကြောင်း မိဘများပြောသဖြင့် အဆိုပါအခြေအနေကို လေ့လာမှုတစ်ခုပြုလုပ်ခဲ့ပါသည်။ စည်းကမ်းချမှတ်ရာတွင် အောက်မြင်မှုမရှိခြင်း အ တွက်အခြေခံ အကြောင်းတရားလေးခုကိုတွေ့ရှိရသည်။

(၁) အများဆုံး မကြာခဏထပ်ပြီး ဖြစ်လေ့ရှိသော ပြဿနာအတွက် မကြာခနမဟုတ်ဘဲ စိတ်ကူးရှိမှသာ အပြစ်ပေးခြင်း၊ သီးခြားစည်းကမ်း တစ်ရပ်ချိုးဖောက်မှုအတွက် တစ်ခါတစ်ရံ ခွင့်လွှတ်ထားလိုက်ပြီး နောက်တစ်ကြိမ် ထိုစည်းကမ်းကို ချိုးဖောက်သောအခါ အရိုက်ခံရခြင်း မျိုးဖြစ်သည်။ ကလေးငယ်များက တိကျသော ဆုံးဖြတ်မှုကို အလိုရှိကြသည်။

(၂) ကလေးက မိဘထက်ပို၍ စိတ်ဓာတ်ခိုင်မာသည်။ ယင်းကို ကလေးငယ်ရော မိဘပါနှစ်ဦးစလုံး သိကြသည်။ မိဘများ၏ အခိုက်အတန့် ဒေါသမီးတောက်လောင်မှုဒဏ်ကို ကလေးငယ်က ကြံကြံခံနိုင်သည်ဆိုပါက ထိုပွဲတွင် ကလေးငယ်အသာစီးရပေသည်။ မိဘက သူ့အားရိုက် ၍ အပြစ်ပးသည့်တိုင် မိဘကိုအန်တုပြီး ခေါင်းမာနေသဖြင့် သူပင်အသာစီးရပေဦးမည်။ ထိုပြဿနာမျိုးအတွက် အဖြေမှာရှင်းလင်းသိသာ သည်။ သူခေါင်းမာသလို မိဘကခေါင်းမာခြင်းဖြင့် အသာစီးရယူပါ။ ထိုသို့ခေါင်းမာပြပါ။ သို့အတွက် မိဘရော သားသမီးပါ စိတ်မသက် မသာဖြစ်ကြရသော်လည်း မနက်ဖြန်များစွာအတွက်မူ ကောင်းကျိုးခံစားရမည် ဖြစ်ပါသည်။

(၃) လွန်ခဲ့သောတနှစ်နှစ်က ဘာမျှအရေးမယူခဲ့ဘဲ ယခုမှကောင်းကာငင်ကာ အပြစ်ပေးရန်ဆုံးဖြတ်ခြင်း။ ထိုသို့သောပုံစံဖြင့် အပြစ်ပေးမည် ကို ကလေးငယ် သဘောပေါက်စေရန် အချိန်ပေးရပါမည်။ ထိုသို့ အချိန်ယူနေသည့် အတောအတွင်း မိဘ၏အပြစ်ပေးလိုသော စိတ်ထား လည်း လျော့ပါးသွားနိုင်ပါသည်။

(၄) ရိုက်နှက်ရာတွင် ခပ်ဖြည်းဖြည်း ခပ်ရွရွဖြစ်ကောင်းဖြစ်မည်။ မနာကျင်ပါက နောက်တစ်ကြိမ်အတွက် အကျိုးမရှိနိုင်ပါ။ အဝတ်အစား ထူထဲလုံခြုံစွာ ဝတ်ထားသော ၂နှစ်ခွဲ အရွယ်ကလေးငယ်တစ်ဦး၏ တင်ပါးကိုလက်ဝါးဖြင့် ပုတ်လိုက်သဖြင့် မည်သို့မျှထိခိုက်မသွားစေနိုင် ပါ။ ကလေးငယ်တစ်ဦးအား ရိုက်ဖို့တော့မလိုအပ်ပါ။ သို့သောဘာကြောင့် ရိုက်သည်ကိုမူ ကလေးငယ် သဘောပေါက်ထားရန်လိုသည်။

ကလေးငယ်အား ဦးစွာနာခံတတ်စေရန် သင်ကြားပေးပါ။ ထို့နောက် သင်လိုရာကို ပုံသွင်းနိုင်ပါသည်။

ဘဂျပင် ဖရန်ကလင်

(Ben Fran Klin)

မေးခွန်းများနှင့်အဖြေများ
၄။ မတ်တတ်ပြေးစကလေးငယ်အတွက် စည်းကမ်းသတ်မှတ်ခြင်း

မေး။ ။စည်းကမ်းများကို ချိုးဖောက်တတ်သည်မှာ မတ်တတ်ပြေးစ ကလေးငယ်တစ်ဦး၏ သဘာ၀ပင်ဖြစ်ပါသည်။ ထိုသို့ချိုးဖောက်ခြင်းအတွက် အပြစ်ပေးသင့်ပါသလား။

ဖြေ။ ။ မတ်တပ်ပြေးစ ကလေးငယ်များကို တင်ပါးအားလက်ဝါးဖြင့်ရိုက်ခြင်း၊ လက်ဝါးကိုရိုက်ခြင်း ကဲ့သို့သောအပြစ်ပေးခြင်းမျိုးကို ရှောင်လွှဲနိုင်ပါသည်။ ရှောင်လွှဲသင့်ပါသည်။ ၎င်းတို့၏ သဘာ၀အသိဖြစ်သော ထိကိုင်လိုသော၊ ကိုက်ခဲလိုသော၊ မြည်းစမ်းလိုသော၊ အနံ့ခံလိုသော၊ လက်ထဲတွင်ရှိသမျှ ချိုးဖဲ့ဖျက်ဆီးလိုသော ဆန္ဒကြောင့် မတ်တပ်ပြေးစကလေးများ မကြာခဏ ဒုက္ခရောက်တတ်ပါသည်။ သို့ရာတွင် ဤသို့မမီမကမ်းလှမ်း၍ ဆွဲတတ်သည့် အပြုအမူသည် ကျူးကျော်ရန်လိုခြင်းမဟုတ်ပါ။

မတ်တတ်ပြေးစ ကလေးငယ်ကို မည်သည့်အခါတွင် ပေါ့ပါးသောအပြစ်ပေးရမည်နည်း။ မိဘများ၏ ပြောစကားကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်လျှင်ဖြစ်စေ၊ မိဘကခေါ်သောအခါ လှည့်ပတ်ရှောင်ပြေးနေလျှင်ဖြစ်စေ၊ နွားနို့ခွက်ကို ကြမ်းပြင်ပေါ်သို့ ၀ုန်းကနဲသွန်ပစ်လျှင်ဖြစ်စေ၊ အိပ်ရာဝင်ချိန်တွင် အော်ဟစ်ကန်ကြောက်ပြီး ဒေါသပုန်ထလျှင်ဖြစ်စေ၊ သူငယ်ချင်းများအား ထိုးကြိတ်ပစ်ပေါက်လျှင်ဖြစ်စေ အဆိုပါအပြုအမူများအား မရှိသဖြင့် ပျောက်ပျက်အောင်ပြုလုပ်ရပါမည်။ အဆိုပါအမူအကျင့်များ ပြုမူသည့်အခါတိုင်း ယင်းတို့ဖျောက်ဖျက်သွားစေရန် တစ်ချိန်လုံး တင်ပါးကို တဖျန်းဖျန်းရိုက်ပုတ်နေဖို့ မလိုအပ်ပါ။ ခြေသလုံးကို ခပ်စပ်စပ်တစ်ချက်ရိုက်လိုက်လျှင် သို့မဟုတ် လက်ဆစ်ဖြင့်ခေါက်လျှင် သဘောပေါက်နိုင်ပါသည်။ တင်ပါးကို လက်ဝါးဖြင့် ရိုက်ခြင်းမျိုးကိုမူ ကလေးငယ်က မိဘအား အကြီးအကျယ်ဆန့်ကျင်အန်တုမှသာ အသုံးပြုသင့်ပါသည်။

မတ်တတ်ပြေးစ ကလေးအရွယ်ကာလများသည် အခွင့်အာဏာနှင့် ပတ်သက်သော ကလေးငယ်များ၏ အနာဂတ်သဘောထားအတွက် အဆုံးအဖြတ်ပြုရမည့် အရေးကြီးဆုံးကာလများဟု အလေးပေးဖော်ပြလာပါသည်။ လူကြီးတစ်ယောက်ကဲ့သို့ ပြုကျင့်ရမည်ဟု မျှော်လင့်မထားဘဲ ကလေးငယ်နာခံတတ်စေရန် စိတ်ရှည်ရှည်ဖြင့် လေ့ကျင့်သင်ကြားပေးရပါမည်။

......................................................................

ကလေးငယ်များအတွက် စည်းကမ်းလိုအပ်ပါသည်။ သို့သော ချစ်ခြင်းမေတ္တာနှင့် ကြင်နာခြင်းတို့ဖြင့် ခြုံလွှမ်းသော စည်းကမ်းဖြစ်ရပါမည်။ စည်းကမ်းများ၏ ရည်ရွယ်ရင်း အကြောင်းများကို အစဉ်အမြဲ ချိန်ဆရပါမည်။

......................................................................

မေးခွန်းများနှင့်အဖြေများ
၅။ ဆယ်ကျော်သက်များအတွက် စည်းကမ်းသတ်မှတ်ခြင်း

မေး။ ။ ဆယ်ကျော်သက် ကလေးမျာအား မနာခံမှုနှင့် ရိုင်းစိုင်းမှုတို့အတွက် လက်ဝါးဖြင့်ရိုက်၍ ဆုံးမသင့်ပါသလား။

ဖြေ။ ။ ဆယ်ကျော်သက်များသည် သူတို့အားလူကြီးများကဲ့သို့ လုံး၀မှတ်ယူစေချင်ကြသည်။ သူတို့အား ကလေးများကဲ့သို့ ပြုမူလျှင် အလွန့်အလွန်မခံမရပ်နိုင် ဖြစ်တတ်ကြသည်။ လက်ဝါးဖြင့် ရိုက်နှက်ခြင်းသည် သူတို့အား အဆုံးစွန်စော်ကားခြင်းပင်ဖြစ်သည်။

## လှုံ့ဆော်သည့်အနေဖြင့်ချီးမြှောက်ခြင်း (၅) ချက်

မိဘများသည် သားသမီးများ၏ တာ၀န်သိတတ်မှု အခြေအနေကို မြင့်မာလာစေချင်ကြပါသည်။ သို့သော်ဤအလုပ်ကား မလွယ်လှပါ။ ကလေးငယ်တစ်ဦး ပုံမှန်သွားတိုက်ရန် သို့မဟုတ် အ၀တ်အစားများကို စုစည်းရန် သို့မဟုတ် ထမင်းစားပွဲအမူအကျင့်များကို တတ်ကျွမ်းစေရန်စသည် စသည်တို့အတွက် မိခင်တစ်ဦးမည်သို့ဆောင်ရွက်နိုင်မည်နည်း။ ငွေကြေးကိုစနစ်တကျသုံးစွဲရန် မည်သို့ဆောင်ရွက်နိုင်မည်နည်း။ တအီအီငိုခြင်း၊ ညစ်ပတ်ပေကျံအောင်နေခြင်း၊ ပျင်းရိခြင်း တို့ကဲ့သို့သော ညဥ်ဆိုးများပျောက်အောင် မည်သို့ပြုလုပ်ရမည်နည်း။ ထာဝစဉ်တုန့်နှေးဘေးကန်နေခြင်းကို ပြုပြင်ရန်နည်းလမ်းရှိပါသလော။

အပြုအမူထိန်းချုပ်မှုအတွက် ထင်ရှားဆုံးသီအိုရီ တစ်ခုမှာ “အားကူဖြည့်ခြင်းနိယာမ” ပင်ဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာက

တည်းကပင် စီစဥ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းနိယာမထင်ရှားခြင်းမှာ ယင်း၏အကျိုးသက်ရောက်မှု ကြောင့်ပင်ဖြစ်သည်။ ထိုနိယာမက "အလိုရှိသော အကျိုးဆက်များကို အောင်မြင်စေသော အပြုအမူသည် အကြိမ်ကြိမ်ဖြစ်ပျက်လေ့ရှိသည်" ဟုရှိုးရှင်းစွာ ဖွင့်ဆိုထားသည်။ တစ်နည်းအားဖြင့် လူတစ်ဦးသည် သူ၏အပြုအမူကြောင့် သူကြိုက်နှစ်သက်ရာအကျိုးဆက် ဖြစ်ပေါ်လာလျှင် ထိုအပြုအမူကိုပင် ထပ်ကာထပ်ကာပြုလုပ်လေ့ရှိသည်။ ဆယ်လီ (Sally) သည်ဝတ်စုံသစ်ကလေး ဝတ်သွားသည့်နေ့က ယောကျ်ားလေးများအကြား အလွန်ရေပန်းစားခဲ့သည်။ ပန်ချို (Pan Cho) သည်တင်းနစ်ရက်ကက်တစ်ချောင်းဖြင့် ရိုက်စဥ် သူနိုင်ခဲ့သည့် တစ်ခြားတင်းနစ်ရက်ကက်တစ်ချောင်း ဖြင့်ရိုက်ရာတွင်မူ သူရှုံးသွားသည်။ သို့ဆိုလျှင် သူသည်အနိုင်ရခဲ့သော ပွဲတွင်ရိုက်ခဲ့သည့် တင်းနစ်ရက်ကက်ကိုသာ ဦးစားပေးအသုံးပြုပေလိမ့်မည်။ သို့သော ဤနိယာမတွင် လူသားများ၏ သင်ယူမှုအတွက် နက်နဲမှုများ ပါဝင်နေသည်။

အားကူဖြည့်ခြင်း နိယာမကို သုံး၍တိရစ္ဆာန်များအား ခေတ်မှီဆန်းပြားသော အပြုအမူများသင်ကြားပေးရန် ကြိုးပမ်းအားထုတ်မှုများမှာ သိသာထင်ရှားစွာ အောင်မြင်ခဲ့သည်။ ခိုတစ်ကောင်ကို သားရေခါးပတ်ပြား တစ်ခုဖြင့်လှည့်ပေးနေသော ရေဒီယိုခလုတ်များကို စစ်ဆေးရန်သင်ကြားပေးခဲ့သည်။ ခိုကလေးက လှည့်နေသော ခါးပတ်ပြားပေါ်ရှိ ခလုတ်တစ်ခုချင်းစီကို စစ်ဆေးကြည့်ပြီး ပျက်နေသောခလုတ်ကို နှုတ်သီးဖြင့်ခေါက်လိုက်သည်။ ထို့အတွက် ခိုကလေးသည် လောက်စလုံးတစ်လုံးစာ ဂျုံစေ့များကို ရရှိသည်။ ခိုကလေးသည် ထိုနေရာတွင်ပင် တစ်နေ့လုံးထိုင်ပြီး သူ့အလုပ်ကိုသာ အာရုံစူးစိုက်နေတော့သည်။ ထိုခိုကလေးသည် လဘက်ရည်သောက်ချိန်ပေးရန်လည်းမတောင်းဆို၊ အခြားသောအပိုဆုကြေးများလည်း မတောင်းဆို၊ သူ၏လုပ်အားခမှာ အလွန့်အလွန်နည်းပါးလှသည်။ အချို့သော အလုပ်သမား သမဂ္ဂများက ဤဥပမာကို မှိုငြမ်းအသုံးပြုနေကြသည်ဟု တွေးကောင်းတွေးမိကြပေလိမ့်မည်။ အချို့သော တိရစ္ဆာန်များကိုလည်း ဆုလာဘ်ကို သတိထား အသုံးပြုခြင်းဖြင့် (မက်လုံးပေးခြင်းဖြင့်) တစ်ကယ့်လူသား စွမ်းရည်များကို သရုပ်ဆောင်ပြသခဲ့ဖူးကြသည်။

ကလေးငယ်များအတွက် အသုံးပြုသည့် ဤနည်းစနစ်၏ အခြေခံအပိုင်းများကို အသေးစိတ်စဥ်းစား ကြည့်ကြပါစို့။

၁။ ချီးမွှောက်မှု (ဆုလာဘ်) ကိုချက်ချင်းပေးရန် အာမခံရမည်။

ချီးမွှောက်မှု (ဆုလာဘ်) တစ်ခုကြောင့် အမြင်မားဆုံးအကျိုးသက်ရောက်မှုကို ရရှိမည်ဆိုလျှင် အလိုရှိသောလုပ်ဆောင်ချက်ပြီးမြောက်သည်နှင့် တစ်ပြိုင်နက် အဆိုပါချီးမွှောက်မှု (ဆုလာဘ်) ကိုပေးရမည်။ ဇူလိုင်လကတည်းက မေရီ၏အခန်းထဲတွင် သိမ်းဆည်းထားသော အရုပ်သစ်ကလေးကို ခရစ္စမတ်နေ့တွင် သူများအားလက်ဆောင်အဖြစ်ပေးပါက အလုပ်မဖြစ် အရာမထင်ပေ။ ကလေးအများစုသည် ရေရှည်ရည်မှန်းချက်တစ်ခုကို တစ်နေ့ပြီး တစ်နေ့မျှော်မှန်း ဖက်တွယ်ထားနိုင်သော စွမ်းရည် သို့မဟုတ် ရင်းကျက်မှုမရှိကြပါ။ သူတို့အတွက်အချိန်ကုန်ခဲလှသည်။ ထိုသို့ မက်လုံးပေးသောအားကူနည်းသည်လည်း အောင်မြင်ရန်မဖြစ်နိုင်သည့်အပြင် ထိုနည်းကို စဥ်းစား ကြည့်ရန်လည်း စိတ်မဝင်စားကြပေ။ တိရစ္ဆာန်များအတွက်မူ သူ၏ဆောင်ရွက်ချက်ပြီးသည့်နောက် ၂စက္ကန့်အတောအတွင်း သတ်မှတ်ထားသော ဆုလာဘ်ကို ပေးရမည်ဖြစ်သည်။ ကြွက်ငယ်တစ်ကောင်အား ဝင်္ကပါလမ်းထဲသို့ ဝင်ခိုင်းရာ ဝင်္ကပါလမ်း၏ တစ်ဘက်အဝတွင် ဒိန်ခဲချိတ်ထားမည်ဆိုပါက ထိုကြွက်ငယ်သည် သူပြေးနိုင်သည့် စွမ်းအားထက်ပိုပြီး မြန်အောင်ပြေးသဖြင့် ၅စက္ကန့်မျှပင် မကြာဘဲ တစ်ဘက်ထိပ်သို့ ရောက်ရှိသွားသည်။ ကလေးများသည် တိရစ္ဆာန်များထက် ပို၍ရှည်ကြာစွာ အောင့်အည်းသည်းခံနိုင်သော်လည်း အချိန်ယူရသော ဆုလာဘ်၏စွမ်းအားမှာမူ ထိရောက်ခြင်းမရှိပေ။

ကလေးငယ်များအား တာဝန်သိတတ်မှုကို သင်ကြားရာတွင် ချက်ခြင်းအားဖြည့်မှု (ချက်ချင်းပြီးမြောက်မှု) သည်အသုံးဝင်ဆုံးသော နည်းစနစ်တစ်ခုဖြစ်သည်။ သားသမီးများ၏ တာဝန်မသိတတ်မှုနှင့် ပါတ်သက်ပြီး မိဘများကမကြာခန ငြီးငြူပြောဆိုလေ့ရှိကြသည်။ သို့ပြစ်ရခြင်းမှာ မိဘများအနေဖြင့် ဤသို့သောကြိုးပမ်းအားထုတ်မှုမျိုးကို လေ့လာဆည်းပူးခဲ့မှု အားနည်းနေကြောင်းကို သတိမမူမိ၍ဖြစ်သည့် လူသားအားလုံး၏ အမူအကျင့်မှာ လိုလားသောတုန့်ပြန်မှုကိုဖြစ်စေ၊ မလိုလားသောတုန့်ပြန်မှုကိုဖြစ်စေ သင်ယူရရှိခြင်းပင်ဖြစ်သည်။ ကလေးငယ်များသည် ရယ်မောတတ်အောင် ပြေးတတ်အောင် ကစားတတ်အောင် ခုန်တတ်အောင် သင်ယူကြရသည်။ အလားတူစွာပင် တအီအီငိုတတ်အောင် အနိုင်ကျင့်တတ်အောင် နှုတ်ခမ်းစူတတ်အောင် ရန်ဖြစ်တတ်အောင် ဒေါသပုန်ထအောင် မိန်းကလေးဆိုလျှင် ယောကျ်ားလေးများလိုဆော့ကစားတတ်အောင်လည်း သင်ယူလေ့ရှိကြပါသည်။

လောကကြီး၏ ဆရာမှာအကူအားဖြည့်ခြင်း သို့မဟုတ် ချီးမွှောက်ခြင်းပင်ဖြစ်သည်။ ကလေးငယ်တစ်ဦးသည် သူအောင်မြင်မည်ဟုသူယူဆသော အပြုအမူတစ်ခုကို ထပ်ကာတလဲလဲ ပြုလုပ်လေ့ရှိကြသည်။ လူငယ်တစ်ဦးသည် မိဘများအား ပါဝင်ကူညီဆောက်ရွက်တတ်သူဖြစ်ကောင်းဖြစ်မည်။ အကြောင်းမူ သူ၏ပါဝင်ကူညီမှုက မိဘများအပေါ် အကျိုးသက်ရောက်သောကြောင့်ဖြစ်သည်။ အချို့လူငယ်များကမူ ဤသို့ပါဝင်ကူညီရသည်ကို နှုတ်ခမ်းဆူ၍ သုန်သုန်မှုန်မှုန်ဖြစ်ကောင်း ဖြစ်ကြပေမည်။ မိဘများအနေဖြင့် ၎င်းတို့သားသမီးများတွင် မကြိုက်နှစ်သက်သည့် အကျင့်စရိုက်များကို သတိပြုမိလာပါက အောင်မြင်ရန်လိုအပ်သည့် အပြုအမူကောင်းများနှင့် ရှုံးနိမ့်စေသော စရိုက်ဆိုးများကို လုပ်ဆောင်ခွင့်ပြုခြင်းဖြင့် နှစ်လိုဖွယ်ကောင်းသော ဂုဏ်သတ္တိရှိသည့် သင်ကြားနည်းများကို တီထွင်သင်ကြားပေးရပေမည်။

၂။ ချီးမြှောက်ခြင်းတွင် သဘာဝအားဖြင့် ရုပ်ဝတ္ထုပစ္စည်းမရှိပါ။

လူ့အကျင့်စရိုက်တွင် နှုတ်ဖြင့်ချီးမြှောက်အားပေးခြင်းသည် အခိုင်မာဆုံး အားအကောင်းဆုံး လှုံ့ဆော်နည်းဖြစ်သည်။ အောက်ပါဝေဖန်ပြောဆိုမှုများ၏ ကြီးမားသောသက်ရောက်မှုများကို စဉ်းစားကြည့်ပါ။

"ဟော့ ဟိုမှာ တို့ကျောင်းရဲ့ မောင်ရုပ်ဆိုး ဖေးလ် (Phil) လာနေပြီ"

"လူးဝစ် (Lowise) ကတကယ်တုံးတာပဲ။ အတန်းထဲမှာ ဘယ်တော့မှ မှန်အောင်မဖြေနိုင်ဘူး"

"ဂျိုး (Joe) ကတော့ ပွဲဖျက်တော့မယ်။ ဒီကောင်က ဒီလိုချည်းပဲ"

ဤသို့မညှာမတာ အကဲဖြတ်မှုများသည် အပြောခံရသော ကလေးငယ်များအား ၎င်းတို့၏ အနာဂါတ်အကျင့်စရိုက်ကိုပါ ပြောင်းလဲစေလျက် အက်ဆစ် (ငရဲမီး) ကဲ့သို့ ပူလောင်ပြင်းပြစေပါသည်။ ထိုအပြောများ၏ ဂယက်ကြောင့် ဖေးလ် (Phil) သည်ငြိမ်ကုပ် တွန့်ဆုပ်လာကာ အလွယ်တကူ စိတ်ဓါတ်ကျလာပြီး ကျောင်းစာကို ယခင်ကထက် စိတ်ဝင်စားမှု နည်းပါးသွားလာနိုင်သည်။ ဂျိုးသည်လည်း ဘော့စ်ဘောနှင့် အခြားအားကစားလှုပ်ရှားမှုများကို စွန့်လွှတ်သွားနိုင်ပြန်သည်။

ကျွန်ုပ်တို့ လူကြီးများသည်လည်း သက်တူရွယ်တူများ၏ သိမ်ဖျင်းသော ဝေဖန်မှုများကို အလားတူစွာ ထိခိုက်ခံစားကြရလေသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများ (နှင့်ရန်သူများ) ၏ ပြောရိုးပြောစဉ်ဝေဖန်မှုများကြောင့် ကျွန်ုပ်တို့မည်မျှ ချောက်ကျလုမတတ် ဖြစ်ရသည်ကို ဟာသနှော၍ ပြောဖြစ်ခဲ့ကြသည်။ "မာသာ ဒီမနက် ညည်းနည်းနည်းတွက်ချေကိုက်တယ် မဟုတ်လား" ပြောခံရသည့် အခိုက်တွင်မူ ထိုဝေဖန်ချက်ကို လစ်လျူရှုလိုက်ရန် မာသာ (Martha) စဉ်းစားကောင်း စဉ်းစားပေမည်။ ထို့ကြောင့် ထိုညနေတွင် မှန်တင်ခုံ၌ ၁၅မိနစ်ခန့်အချိန်ယူကာ နောက်နေ့နံနက်ဝယ်ယူရမည့် အစားအစာ စားရင်းကိုချဲ့ကားရေးမှတ်ကောင်း ရေးမှတ်နေပေလိမ့်မည်။

နှုတ်ဖြင့်အားကူဖြည့်မှု (ချီးမြှောက်မှု) သည် မိဘနှင့်သားသမီးတို့၏ ဆက်ဆံရေးတွင် စိမ့်ဝင်နေစေသင့်သည်။ ကျွန်ုပ်တို့၏ မိဘအနေဖြင့် ပေးသောညွှန်ကြားချက်များတွင် ကလေးများ၏ လည်ပင်းနှင့်မဆံ့အောင် တစ်ဆို့နေပေသည်။ ကျွန်ုပ်တို့၏ ချီးမြှောက်မှုသည် ချိုသာသော ချီးမွမ်းစကားမျှပင်ဖြစ်သော်လည်း ကျွန်ုပ်တို့နှစ်သက်သော အပြုအမူအတွက် သူတို့အား ချီးမြှောက်ခြင်းကိုပို၍ အချိန်ပေးပြောကြားသင့်ပါသည်။ ကလေးငယ်တစ်ဦး၏ မိမိကိုယ်မိမိအထင်ကြီးလေးစားမှုနှင့် လက်ခံမှုလိုအင်ဆန္ဒများကို သဘောပေါက်နားလည်သော အသိပညာကြွယ်ဝသည့် မိဘများသည် သားသမီးများအား တန်ဖိုးရှိသည့် သဘောထားများနှင့် အပြုအမူများကို သင်ကြားပေးနေစဉ်တွင်လည်း ကလေးများ၏ အရေးကြီးသည့် ပြင်းပြသောလိုအင်ဆန္ဒများကိုပါ သဘောကျနှစ်ခြိုက်လေ့ ရှိကြပါသည်။ အောက်ပါနမူနာအချို့ကပို၍ သဘောပေါက်စေပါလိမ့်မည်။

သားငယ်၏ရှေ့တွင်ပင် မိခင်ကဖခင်ကို "ဂျက်ရေ ဒီညစက်ဘီးကို ဂိုဒေါင်ထဲမှာ ဒွန် (Don) ဘယ်လိုသိမ်းထားသလဲဆိုတာ သတိထားမိရဲ့လား။ ခါတိုင်းညတွေကဆို စက်ဘီးကိုအပြင်မှာ ထားခဲ့ပြီး သိမ်းပါတော့ဆိုမှသိမ်းတယ်။ အခု သူတဖြည်းဖြည်း တာဝန်သိတတ်လာပြီလို့ ရှင်မထင်ဘူးလား။"

ဖခင်က သားအား "ဒီည ဖေဖေအစီရင်ခံစားရေးနေတုန်း သားကငြိမ်ငြိမ်လေးနေတာကို ဖေဖေသိပ်သဘောကျတာပဲ။ ငါ့သားကတစ်ကယ်သိတတ်တယ်။ စဉ်းစားတတ်တယ်။ ဟော အခုတော့ အစီရင်ခံစာရေးပြီးသွားပြီ။ ဖေဖေလည်းအားသွားပြီ။ ကဲ တို့တွေနောင်လာမည့် စနေနေ့မှာ အပြင်ထွက်ဖို့ တိုင်ပင်ရင်မကောင်းဘူးလား။"

လိုက်လိုက်လှဲလှဲ ချီးမွမ်းထိုက်သော အမူအကျင့်ကောင်းများကို ဒုက္ခအပေးဆုံး လူငယ်များတွင်သော်မှ ရှာဖွေတွေ့ရှိနိုင်ပါသည်။

..................................................................

ကလေးများသည် ချီးမွမ်းခြင်းဖြင့် အောက်မြင်တိုးတက်ကြသည်။ ကလေးငယ်၏ ဆိုးကွက်ကို အပြစ်တင်ခြင်းထက် ကောင်းကွက်ကို ချီးမွမ်းရန် အရေးကြီးဆုံးဖြစ်သည်။ အပြုသဘောဆောင်သောအမြင်ကို အစဉ်အလေးထားပါ။

..................................................................

၃။ ချီးမြှောက်ခြင်းကြောင့် သင်ယူရရှိသော မည်သည့်အပြုအမူမဆို တာရှည်စွာချီးမြှောက်မှု မပြုဘဲထားပါက ပျောက်ကွယ်သွားတတ်သည်

ချီးမြှောက်မှုမပြုသော အပြုအမူတစ်ခုသည် နောက်ဆုံး၌ပျောက်ကွယ်သွားတတ်သည်မှာ မုချမှန်ကန်သော အချက်ဖြစ်သည်။ ထိုဖြစ်စဉ်သည် (စိတ်ပညာရှင်များက ပျောက်ကွယ်ခြင်းဟုခေါ်သည်) ကလေးများ၏ အကျင့်စရိုက်များကို ပြောင်းလဲချင်သော မိဘများနှင့်ဆရာများအတွက် အလွန်အသုံးဝင်ပါသည်။

ထိုဥပဒေကို လူသိများသော ကလေးငယ်ပြဿနာတစ်ရပ်တွင် အသုံးပြုကြည့်ကြပါစို့။ ကလေးငယ်တစ်ဦးသည် ပြောရိုးပြောစဉ်အသံဖြင့်မပြောဘဲ အဘယ်ကြောင့် ငိုသံဖြင့်ပြောသနည်း။ အကြောင်းမူ သူ၏မိဘများက ဤသို့ပြောခြင်းကို အားကူဖြည့်သောကြောင့်ဖြစ်သည်။ ၃နှစ် သမီးလေးကာရင် (Karen) သည် သူမ၏ ပုံမှန်အသံဖြင့် ပြောနေသော်လည်း သူမ၏ မိခင်ကအလုပ်များနေသဖြင့် နားမထောင်နိုင်

ပေ။ ကာရင်က မပီကလာပီကလာနှင့် တစ်နေ့လုံးပြောနေသော်လည်း သူမ၏မလိုအပ်သော စကားကြောရှည်မှုကို မကြားချင်ဟန်ပြုနေသည်။ သို့သော် ကာရင်သည် အာခေါင်ခြစ်၍ မခံရပ်နိုင်အောင် အသံကုန်အော်သောအခါတွင်မူ သူ့မိခင်ကဘာများဖြစ်လို့လဲဟု လှမ်းကြည့်သည်။ ကာရင်၏ ငိုသံဖြင့်ပြောခြင်းကား အကျိုးရှိပေပြီ။ သူမ၏ ပုံမှန်အသံဖြင့် ပြောခြင်းကားအရာမထင်။ သို့ဖြင့် ကာရင်သည် ငို၍ပြောတတ်သော ကလေးတစ်ဦးဖြစ်လာတော့သည်။

ထိုသို့ငိုယိုတတ်ခြင်းကို ဖျောက်ပြစ်ရန်အတွက် တစ်ယောက်ယောက်က အားကူဖြည့်ခြင်းမပြုမိအောင် ပြုလုပ်ရပေမည်။ "သမီးက ငိုနေတော့ မေမေဘာမှ မကြားရဘူး ကာရင်။ မေမေနားကရယ်စရာတော့ကောင်းသား။ အဲဒီလိုငိုပြီးပြောရင် ဘာမှမကြားရတော့ဘူး" ဟုစ၍ ပြောသင့်သည်။ ထိုသို့ ၁ရက်၊ ၂ရက်ခန့် ပြောပြီးလျှင် ငိုပြီးပြောသံကို မကြားဟန်ပြုနေရမည်။ သို့သော် ပုံမှန်အသံဖြင့်ပြောသော တောင်းဆိုမှုကိုမူ ချက်ချင်းအလေးပေးရမည်။ ဤသို့အားဖြည့်မှုကို ထိန်းချုပ်ခြင်းအား မှန်ကန်စွာ အသုံးပြုလျှင် လိုချင်သောအဖြေကို ရနိုင်ရန်ကျွန်ုပ်အာမခံပါသည်။ သင်ယူမှုအားလုံးသည် အဆိုပါအခြေခံစည်းမျဉ်းပေါ်တွင် အခြေခံပါသည်။ ရရှိသောအကျိုးဆက်များကလည်း တိကျသေချာမှုရှိပါသည်။ အကယ်၍ ဘွားဘွားနှင့်ဦးလေးတို့က အားကူဖြည့်သည်ဆိုပါစို့။ သင်က အထက်ပါနည်းအတိုင်း ဖြေဖျောက်ပြစ်နိုင်ပါသည်။ သူတို့က သင့်နည်းအတိုင်း ဆက်လက်ကျင့်သုံးပါလိမ့်မည်။

ပျောက်သွားပြီးသော အမူအကျင့်တစ်ခု ပြန်လည်ဖြစ်ပေါ်လာပါက မိဘ သို့မဟုတ် ဆရာတစ်ဦးအနေဖြင့် စိတ်ပျက်လက်လျှော့ခြင်းမပြုသင့်ပါ။ စွဲနေသော အမူအကျင့်တစ်ခုကို ဖျောက်ဖျက်ပြစ်ရန် သင့်တင့်လျောက်ပတ်သော အချိန်ယူရပါသည်။

၄။ မိဘများနှင့်ဆရာများသည်ပင် အားကူဖြည့်မှုကြောင့် (မြှောက်ပင့်မှုကြောင့်) ဒုက္ခရောက်ကြရသည်။

တက္ကသိုလ်တစ်ခု၏ စိတ်ပညာစာသင်ခန်းတစ်ခုတွင် အားကူဖြည့်ခြင်း၏ စည်းမျဉ်းများကို သင်ကြားနေသည်။ ကျောင်းသားများက သူတို့၏ပါမောက္ခ အပေါ်အဝင်လက်တွေ့ စမ်းသပ်မှုတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့၏ ပါမောက္ခသည် သင်ကြားမှုနည်းလမ်း ၂ခုကိုအသုံးပြုခဲ့သည်။ သူ၏မှတ်စုများကိုသာဖတ်၍ သင်ကြားလေ့ရှိသည်။ ယင်းသို့သင်ကြားနည်းမှာ ပျင်းရိငြီးငွေ့ပြီး ကျောင်းသားများအတွက် စိတ်ပျက်ဖွယ်ကောင်းလှသည်။ သို့ရာတွင် သူ့ကိုကျောင်းသားများက ရောက်တတ်ရာရာ မေးမြန်းပြောဆို ခြင်းကိုပို၍စိတ်ဝင်စားသည်။ ကျောင်းသားများ၏ မေးခွန်းများကို ဖြေဆိုရင်း သူ၏ဗဟုသုတ ကြွယ်ဝပုံကို အလွန်ပြောချင်သူဖြစ်သည်။ တစ်နေ့တွင် စာမသင်ခင်၌ ကျောင်းသားများက ဆရာ၏ အလွတ်သဘော ဆွေးနွေးမှုကို ချီးမြှောက်ပြီး မှတ်စုစာအုပ်ဖြင့်ခေါ်ကာ လေကြီးထိုးသင်ကြားမှုကို ဖျောက် ဖျက်ပစ်ရန် သဘောတူထားကြသည်။ ဆရာကမှတ်စုစာအုပ်ဖြင့် သင်သည့်အခါတိုင်း ကျောင်းသားများက ခြေသံတရုပ်ရုပ်လုပ်ကြသည်။ ပြတင်းပေါက်မှ အပြင်သို့ငေးနေကြသည်။ တစ်ဦးနှင့်တစ်ဦး တီးတိုးတီးတိုးပြောသည်။ ဆရာက အလွတ်သဘောဆွေးနွေးသော အခါတွင်မူ သူ့ကိုအလွန်အမင်း စိတ်ဝင်စားကြောင်းပြသသည်။ ဆရာကလည်း အလွတ်သဘောသင်ကြားခြင်းကို ပို၍ပို၍ ကျင့်သုံးလာသည်။ စာသင်နှစ်ကုန်ဆုံးကာနီးသည့်အချိန်အထိ သူ့ကိုကျောင်းသားများက လိမ်မာပါးနပ်စွာ ပညာပေးနေကြောင်း သူမသိရှာသေးပေ။ သူ၏သင်ကြားနည်းကိုလည်း မှတ်စုစာအုပ်မှ ဖတ်ပြရှင်းလင်းသည့်နည်းထက် အလွတ်သဘောဆွေးနွေး သင်ကြားနည်းကို လုံးဝပြောင်းလဲပြစ်လိုက်တော့သည်။

၅။ မိဘများသည် မလိုလားအပ်သောအပြုအမူကို အားပေးအားမြှောက်ပြုလေ့ရှိပြီး သူတို့တန်ဖိုးထားသော အပြုအမူကို အားလျှော့အောင်ပြုလုပ်လေ့ရှိသည်။

မလိုလားအပ်သော အပြုအမူကို ချီးမြှောက်အားပေးခြင်းမှာ လွယ်ကူပါသည်။ ကလေးငယ်အား ထိုအပြုအမူကို ပြုလုပ်ခွင့်ပေးထားခြင်းပင်ဖြစ်သည်။ ဥပမာ မစ္စတာနှင့်မစ္စက်ဝိခ်နီး (Mr&Mrs Weaklinee) တို့သည် ယနေ့ည ဧည့်သည်များအား ညစာကျွေးရန် စီစဉ်ထားသည် ဆိုပါစို့။ သူတို့၏ ၃နှစ်သားကလေးငယ် ရစ်ကီ (Ricky) ကို ၇နာရီကထဲက အိပ်ယာထဲပို့ထားလိုက်သည်။ ရစ်ကီသည် သူလုပ်နေကျ ထုံးစံအတိုင်း ငိုလိမ့်မည်ကို သူတို့သိကြသော်လည်း မည်သို့မျှမတတ်နိုင်တော့ပေ။ ရစ်ကီက တစ်ကယ်လဲအော်ငိုပါသည်။ အစတွင် သူကခပ်တိုးတိုးနှင့်ချွဲချွဲပြစ်ပြစ် ငိုသည်။ (ဤနည်းဖြင့်သ် မအောင်မြင်ပါ။) တဖြည်းဖြည်းနှင့် အသံရှိန်မြှင့်ကာ အော်ငိုပါလေတော့သည်။ နောက်ဆုံးတွင် မစ္စက်ဝိခ်နီးသည် စိတ်ပျက်လက်ပျက်ဖြင့် ရစ်ကီကို အိပ်ယာထဲမှ ဆွဲခေါ်လာရတော့သည်။ ကလေးငယ်ဘာကို သင်ယူရရှိသွားသနည်း။ သူအိပ်ယာမှ ထချင်လျှင်ကျယ်ကျယ်လောင်လောင် အော်ငိုရမည်။ မနက်ဖြန်ညတွင် မျက်ရည်ကျရမည့် စစ်ခင်းပွဲအတွက် မစ္စတာနှင့် မစ္စနီးတို့ ကောင်းကောင်းပြင်ဆင်ထားရပေတော့မည်။ အကြောင်းမူ မနေ့ညကနည်းစနစ်ဖြင့် ရစ်ကီအောင်ပွဲခံခဲ့သောကြောင့်ဖြစ်သည်။

..............................................................................................................

တသမတ်တည်း မဟုတ်သော စည်းကမ်းသည် အဆိုးဆုံးစည်းကမ်းမျိုးဖြစ်သည်။ ယင်းသည် စည်းကမ်းမမည်ပေ။ သင့်အနေဖြင့်

တသမတ်တည်း မပြောင်းမလဲရှိရမည်။ ပွင့်လင်းမှုရှိပါ။ မျှတမှုရှိပါ။ ရိုးသားမှုရှိပါ။ ချစ်မြတ်နိုးပါ။ သို့သော ခိုင်မာမြဲမြံ၍ တသမတ်တည်း ဖြစ်သာစည်းကမ်းကို ကျင့်သုံးပါ။

..........................................................................................

မေးခွန်းများနှင့်အဖြေများ
၁။ ပျင်းကြောထူသော ဆယ်ကျော်သက်များကို လှုံ့ဆော်ခြင်း

မေး။ ။ ပျင်းကြောထူသော ဆယ်ကျော်သက်တစ်ဦးအား လှုံ့ဆော်ရေးအတွက် အလားတူနည်းစနစ်မျိုးကို အသေးစိတ်ဖေါ်ပြနိုင်သလား။

ဖြေ။ ။ အားကူဖြည့်ခြင်း (ချီးမြှောက်ခြင်း) စည်းမျဉ်းများသည် အထူးသဖြင့် ဆယ်ကျော်သက်များအတွက် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘဝတွင်အတ္တကိုဗဟိုပြုသော အဆိုပါကာလများအတွင်း ချီးမြှောက်ခြင်းသည် လူငယ်များကို ဆွဲဆောင်နိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ပျင်းရိခြင်းသည် လူကြီးများပင် မရှောင်လွှဲနိုင်သော ဘဝ၏အကြောင်းတရားတစ်ရပ်ဖြစ်ပါသည်။ ၎င်းတို့၏ ကြိုးပမ်းအားထုတ်လိုမှု နည်းပါးခြင်းနှင့် ယေဘုယျ စိတ်ဝင်စားမှုမရှိခြင်းတို့သည် စိတ်ပညာဆိုင်ရာ ဇစ်မြစ်တစ်ခုရှိပေသည်။ လူတို့၏ ဂလင်းခေါ် အဖုအကြိတ်များ ပြောင်းလဲမှုများတွင် ခန္ဓာကိုယ်ဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ) ပြန်လည်ထိန်းညှိမှု လိုအပ်သည်။ နှစ်ပေါင်းများစွာကြာသည့် တိုင်အောင် သူတို့သည်မွန်းလွဲသည်အထိ အိပ်ချင်စိတ်မကုန်ကြပေ။ တစ်နေကုန်ပျင်းရိလေးတွဲကာ အချိန်ဖြုန်းနေတတ်ကြသည်။ ၎င်းတို့ ကုန်ခမ်းသွားသော ဘက်ထရီများကို ပြန်လည်အားသွင်းပေးနိုင်သည့် စနစ်တစ်ခုရှိလျှင် ထိုစနစ်တွင် ချီးမြှောက်မှု အမျိုးအစားအချို့တော့ပါဝင်လိမ့်မည်။

မေးခွန်းများနှင့်အဖြေများ
၂။ ပင်ကိုယ်စွမ်းရည်များရရှိအောင်သင်ခန်းစားပေးမှု

မေး။ ။ ချီးမြှောက်ခြင်းကို ဘုရားကျောင်းတွင်ဖြစ်စေ၊ တနင်္ဂနွေ (Sunday School) အစီအစဉ်တွင်ဖြစ်စေ အသုံးပြုနိုင်ပါသလား။

ဖြေ။ ။ အားကူဖြည့်နည်း (ချီးမြှောက်ခြင်း) အား ခရစ်ယာန် တနင်္ဂနွေကျောင်းတစ်ခုတွင် အလွန်ထိရောက်စွာ အသုံးချခြင်းကို ကျွန်ုပ်တွေ့ခဲ့ဖူးပါသည်။ အလုပ်လုပ်၍ ငွေကြေးရာမည့်အစား ငွေတန်ဖိုးအမျိုးအမျိုးပါရှိသော ကစားစရာငွေကြေးအတုများဖြင့် ကစားခြင်းကြောင့် ကလေးများတွင် စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ကျမ်းစာမှ မှတ်ဥာဏ်ဆိုင်ရာ ကဗျာလင်္ကာများကို သင်ယူခြင်းကြောင့်လည်းကောင်း၊ အတန်းကိုအချိန်မှန်တက်ခြင်းကြောင့်လည်းကောင်း စသည်ဖြင့် ငွေကြေးအတုများ ချီးမြှောက်ပေးခြင်းဖြင့် စွမ်းရည်များတိုးတက်လာစေပါသည်။ ထို့ပြင်ယင်း ကစားစရာငွေကြေးများဖြင့် ခင်းကျင်းပြသထား မှန်ဘီဒိုအတွင်းမှ ပစ္စည်းသစ်များကို “ဝယ်ယူတန်း” ကစားနိုင်ပါသည်။ ကျမ်းစာအုပ်များ၊ ဘောပင်များ၊ စာအုပ်များ၊ ဉာဏ်စမ်း ကစားစရာနှင့် အခြားသော ဘာသာရေး သို့မဟုတ် ပညာရေးဆိုင်ရာ ဆုပစ္စည်းများကို ရွေးချယ်ကစားနိုင်ပါသည်။ အဆိုပါစနစ်ကို အသုံးပြုသော ဘုရားကျောင်းတွင် ကလေးငယ်အုပ်စုများ စည်ကားနေလေ့ရှိပါသည်။

မေးခွန်းများနှင့်အဖြေများ
၃။ လှုံ့ဆော်နည်းများ

မေး။ ။ ကျွန်ုပ်သည် အလယ်တန်းကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။ သီးခြားကျောင်းသားအုပ်စု ၅စုသည် သိပ္ပံသင်ယူရန် ကျွန်ုပ်၏အတန်းသို့ နေ့စဉ်လာရောက်လေ့ရှိပါသည်။ ကျွန်ုပ်၏ အကြီးမားဆုံးသော ပြဿနာမှာ ကျောင်းစားများအနေဖြင့် စာအုပ်၊ စာရွက်၊ ခဲတံစသည့် ပစ္စည်းများကို သူတို့နှင့်အတူတပါတည်းပြည့်စုံအောင် မယူလာကြခြင်းဖြစ်သည်။ သူတို့လိုချင်သော ပစ္စည်းများကို ကျွန်ုပ်ငှားနိုင်သော်လည်း ငှါးပြီးပစ္စည်းများ ဘယ်တော့မှ ပြန်မရပါ။ သင်မည်သို့ အကြံပြုပါမည်နည်း။

ဖြေ။ ။ သင်နှင့်တစ်ထပ်တည်းတူသော ပြဿတာမျိုးကို ကျွန်ုပ်အလယ်တန်းတွင် သင်ကြားသည့်နှစ်က တွေ့ဆုံခဲ့ဖူးပါသည်။ ကျွန်ုပ်၏တပည့်များကား မရိုးသားသောစိတ်ဖြင့် ပြုလုပ်ကြခြင်းမဟုတ်ပါ။ သူတို့၏ စိတ်ထဲတွင် ကျောင်းသို့သယ်ယူရမည့် ပစ္စည်းများကို စဉ်းစားရင်း ရှုတ်ထွေးနေကြသည်။ ထိုပြဿနာကို ဖြေရှင်းရန် နည်းမျိုးစုံဖြင့် ကျွန်ုပ်ကြိုးစားကြည့်သော်လည်း အရာမထင်ခဲ့ပါ။ ကျွန်ုပ်အား ထို

ကိစ္စအတွက် အကူအညီပေးရန် တပည့်များအား အကူအညီတောင်းသော်လည်း သူတို့စိတ်ပါလက်ပါ ကူညီလာအောင် လှုံဆောင်ခြင်းမပြုနိုင်ခဲ့ပါ။ ကျွန်ုပ်၏ စိတ်ထဲတွင် တန်နဲ့ဒေါသဖြစ်လာအောင်လည်း ဤကိစ္စလေးမှုလောက်ဖြင့် စိတ်အင်အားကို ဖြုန်းတီးပစ်ရန်မလိုအပ်ဟု ယူဆကာ စိတ်ကိုလျှော့ချခဲ့ပါသည်။ ဖြေရှင်းနိုင်သည့်နည်းလမ်းကောင်းတစ်ခုတော့ မလွဲမသွေရှိရပေမည်။

နောက်ဆုံးတွင်မူ လူငယ်များအနေဖြင့် သူတို့အတွက် အကျိုးရှိမည့် အလုပ်ဆိုလျှင် ပူးပေါင်းဆောက်ရွက်တတ်သည်ဟူသော အခြေခံသည့် ဖြေရှင်းနည်းတစ်ခုကို တွေ့ရှိခဲ့ရပါသည်။ တစ်နံနက်တွင် ကျွန်ုပ်အနေဖြင့် တပည့်များတါင် စာအုပ်၊ ခဲတံများအပြည့်အစုံပါလာခြင်းရှိ မရှိကိုမစိုးရိမ်ကြောင်း စာအုပ်၊ ခဲတံစသဖြင့် မေ့ကျန်ခဲ့ပါက တည်ငြိမ်အေးဆေးစွာ ပြောခြင်းဖြင့် ကျွန်ုပ်က လိုလားစွာငှါးရမ်းလိုကြောင်း သူတို့သဘောပေါက်သွားသည်။ သို့ရာတွင် ဤသို့ငှါးရမ်းရာ၌ သတ်မှတ်ချက်တစ်ခုထားရှိသည်။ ငှားရမ်းသည့် ကျောင်းသားသည် သူ၏ထိုင်ခုံတွင် မထိုင်ရဘဲ ထိုတစ်ချိန်အတွက် မတ်တပ်ရပ်နေရမည်။ ကျွန်ုပ်စာသင်နေစဉ်တွင်လည်း ခုံတွင်မထိုင်ဘဲ မတ်တပ်ရပ်နေရရုံသည့်အပြင် ရေးမှတ်ရန်လိုပါက မတ်တပ်ရပ်လျှက်ပင် စားပွဲခုံပေါ်တင်၍ ရေးမှတ်ရမည်ဟု ကျေညာခဲ့ပါသည်။

ဤအစီအစဉ်ကို ကျောင်းစားများကျေနပ်ကြလိမ့်မည်ဟုတော့ ရည်မှန်း၍မရနိုင်ပါ။ သင်ခန်းစာမစခင်အချိန်တွင် စာအုပ်သို့မဟုတ် ခဲတံငှားမည့်သူများ အပြေးအလွှားဖြစ်နေကြသည်ကိုကြည့်ရင်း ကြိတ်၍ပြုံးမိသေးသည်။ သို့သောမတ်တပ်ရပ်သည့် စည်းကမ်းကို ကျွန်ုပ်မကြာခဏ ဆိုသလို  အတင်းအကျပ်ဖိအားပေးခဲ့ခြင်း မပြုခဲ့ပါ။ အကြောင်းမူ ပြဿနာသည် ကျွန်ုပ်၏ပြဿနာဖြစ်ခြင်းထက် တပည့်များ၏ပြဿနာဖြစ်လာမည်စိုး၍ပင်။ တစ်ပတ်လျှင် အနည်းဆုံးကျောင်းစားတစ်ယောက်ကတော့ ထိုင်ခုံမထိုင်ဘဲ တစ်နာရီစာ မတ်တပ်ရပ်နေရသည်။ သို့သော်လူငယ်တို့သည် ဤလိုအပြစ်မျိုးကို နှစ်ကြိမ်အဖြစ်မခံတတ်ကြသည်မှာ သေချာလှပါသည်။

ကလေးငယ်များအား ထိန်းကွပ်ရာတွင်လည်း တန်ဖိုးရှိလှသော ဤပုံသေနည်းကို ကျွန်ုပ်ထပ်ခါထပ်ခါသုံးရပါလိမ့်မည်။ သင်၏ ဆန္ဒနှင့်ကိုက်ညီမည့် အမြင့်ဆုံးသော အကြောင်းပြချက်ကို သူတို့အားအသိပေးပါ။ သင်ဒေါသထွက်ခြင်းကြောင့် ထိရောက်အောင် လှုံဆော်နိုင်သည်ဟု ကျွန်ုပ်ယူဆမိပါသည်။

………………………………………………………………………………

မည်သည့်စည်းမျဉ်းများ ချမှတ်ကြောင်းကို ကလေးများက ရှင်းရှင်းလင်းလင်းသိအောင် လုပ်ရန်လိုသည်။ ထို့ပြင်ထိုစည်းမျဉ်းများကို ကလေးငယ်များကိုယ်တိုင်က သဘောတူအောင်လုပ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။

………………………………………………………………………………

## စာသင်ခန်းအတွင်းစည်းကမ်းချမှတ်ခြင်း

မျက်မှောက်ခေတ်တွင် အမေရိကန်နိုင်ငံလောက် ကျောင်းအာဏာပိုင်များ ကျင့်သုံးနေသော ကျောင်းသားများထိန်းသိမ်းကွပ်ကဲမှုအဆင့်နိမ့်ကျသည့် နိုင်ငံမျိုးမရှိဖူးပေ။ ကျောင်းတွင် အတန်းတစ်တန်း၌ ဖွဲ့မြဲရေးသည် အရေးကြီးသော စည်းကမ်းချက်တစ်ရပ်ဖြစ်သည်။ အတန်းမြဲရေးတွင် ကျောင်းသားများ၏ အပြုအမူပြောင်းလဲရေး မလိုအပ်ဟူသော အယူအဆမှာ မဟာ့မဟာအမှားကြီးတစ်ရပ်ပင်ဖြစ်သည်။

ချန်ပီယံဘောလုံးအသင်းတစ်သင်း နာမည်ကြီးသံစုံတီးဝိုင်းကြီးတစ်ခု သို့မဟုတ် အောက်မြင်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ခုစသည်တို့၏ နောက်ကွယ်ရှိ လှို့ဝှက်ချက်ကို စစ်ဆေးကြည့်ပါက မတူညီသော အမျိုးအစားပေါင်းစုံပါဝင်မှု စည်းမျဉ်းသည် ပြောင်းလဲ၍ မရသောစည်းကမ်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရမည်။ အမေရိကန်နိုင်ငံ၏ ပညာရေးဆိုင်ရာစည်းမျဉ်းများကို အမေရိကန်တရားလွှတ်တော်၏ အကူအညီဖြင့် လူနည်းစုမိဘများနှင့် တရားသူကြီးအိုကြီးများက ပြုစုစီမံထားခြင်းဖြစ်၍ စနစ်တကျ အတွင်းသို့ လှိုက်စားနေသော မည်မျှစိတ်ပျက်ဖို့ကောင်းသည့် စည်းမျဉ်းများဖြစ်ပါသနည်း။ လူများစု၏ ဆန္ဒအစား စည်းကမ်းမဲ့လူနည်းစုဆန္ဒက ကြီးစိုးနေသည်။ ကျောင်းသားများထိန်းသိမ်းဘုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများကို ပယ်ချပြီး ယင်းစည်းမျဉ်းများနေရာတွင် ဆရာမျုးကို ကန့်သတ်ချုပ်ချယ်သည့် သန်းပေါင်းများစွာသော စည်းကမ်းချက်များ အစားထိုးနေရာယူလာကြသည်။ အမည်မဖော်သော ဘုရားသခင်ကို ရည်ညွှန်း၍ဆုတောင်းခြင်းသည်ပင် ဥပဒေနှင့်မညီညွတ်ဟုဆိုသည်။ သမ္မာကျမ်းစာကိုပင် ဘာသာရေးစာပေသက်သက်အဖြစ် ဖတ်နိုင်သည်။ ကျွန်ုပ်တို့ အမေရိကန်နိုင်ငံတော်အလံ၏ ရှေ့မှောက်တွင်ပင် သစ္စာခံဋ္ဌာန်ဆိုရန် မလိုအပ်တော့ပေ။ ကျောင်းသားတစ်ဦးအား အပြစ်ပေးရေး သို့မဟုတ်ထုတ်ပြစ်ရေးတွင် ပညာရေးမှ တာဝန်ရှိသောဆရာများ အတော်ဒုက္ခရောက်ကြ ခေါင်းခဲကြရသည်။ ရာနှင့်ထောင်နှင့်ချီနေသော ကျောင်းသားမိဘများ၏ အင်အားကိုကြောက်ရွံ့ကြသဖြင့် ကျောင်းသားများ၏အန်တုဖက်ပြိုင်မှုများကို ဆရာများက အလျှော့ပေးနေကြရသည်။ ရလာဒ်အနေဖြင့် အစိုးရကျောင်းများတွင် ပညာရေးစည်းကမ်းသည် သေမင်းခံတွင်းဝသို့ရောက်ရှိနေပေပြီ။

ပစ္စပိချ်နှင့် မစ္စက်ဂျက်စတင်

ကျွန်ုပ်သည်ဘွဲ့မခင်အထိ နှစ်အတန်ကြာအောင် ကျောင်းဆရာလုပ်ခဲ့သည်။ ကျောင်းသားများသည် ပြဋ္ဌာန်းစာအုပ်များကို ကျေ

ညက်ရေးထက် နေ့စဉ်ဖြစ်ပျက်နေသည့် အတွေ့အကြုံများအပေါ် မည်သို့မည်ပုံတွေးခေါ် ယူဆကြသည်ကို ကျွန်ုပ်လေ့လာခဲ့မိသည်။ ဤသို့လေ့လာခြင်းသည် အခြားဆရာများအသုံးပြုနေသော စည်းကမ်းချမှတ်နည်းစနစ်များကို လေ့လာခြင်းပင်ဖြစ်သည်။ အချို့ဆရာများက ကျောင်းသားများ၏ အန်တုစိန်ခေါ်မှုကြောင့် အရှက်ရမဆုံးဖြစ်နေချိန်တွင် အချို့ဆရာများက စာသင်ခန်းထိန်းချုပ်မှုနည်းများတွင် အဓိကကျသောခြားနားချက်ရှိနေသည်ဟု ကျွန်ုပ်သတိပြုမိခဲ့သည်။ မကျွမ်းကျင်သော အတွေ့အကြုံမရှိသော ဆရာလက်သစ်ကလေးတစ်ဦးသည် ကျောင်းသား/သူများ ရှေ့တွင်ရပ်ကာ တပည့်များ၏ ချစ်ခင်နှစ်သက်မှုကို အရင်မလိုရှာဖွေရယူချင်တတ်ကြသည်။ အချို့ဆရာများသည်လည်း ကျောင်းသားများ၏ ချစ်ခင်မှုကို ခံယူလိုကြသောလည်း အချို့ဆရာများကမူ ကျောင်းသားများ၏ လက်ခံမှုကိုသာ အလွန်အားထားကြသည်။

စက်တင်ဘာလ ကျောင်းဖွင့်စနေ့တွင်ဖြစ်သည်။ ဆရာမအသစ် မစ္စပိချ် (Miss Peach) သည် သူမ၏အတန်းကို မိတ်ဆက်စကားအနည်းငယ်ပြောသည်။ သူကမ "ဆရာတို့ အခုလိုဆုံဆည်းခွင့်ရတာ တစ်ကယ်ဝမ်းသာတယ်။ ဒီနှစ်တစ်နှစ်လုံး ပျော်ပျော်ပါးပါး မော်တော်ကားပေါ့ကွာ။ တို့တွေ ဆပ်ပြာချက်မယ်၊ ဆွပ်ပြုတ်လုပ်ကြမယ်။ အခန်းနံရံတွေကို ဆေးသုတ်ကြမယ်။ ပြီးတော့လေ့လာရေးခရီးထွက်မယ်။ ကစားပွဲတွေလုပ်ကြမယ်။ တစ်နှစ်လုံးပျော်စရာကြီးပေါ့ကွယ်။ မင်းတို့ကလည်း ဆရာမကို တွယ်တာလာသလို ဆရာမကလည်း မင်းတို့အပေါ် သံယောဇဉ် ရှိလာမှာပေါ့။ တို့အားလုံးအတွက် ပျော်စရာလုပ်ငန်းတွေပြည့်နေတဲ့ အခါကောင်းပေါ့ကွယ်" ဟုပြောလိုက်သည်။ သူမ၏သင်ရိုးညွှန်းတမ်းကို သင်တန်းသားများအား ချစ်ခင်တွယ်တာမှု အမှတ်လက္ခဏာအဖြစ် ပျော်စရာ ရယ်စရာလုပ်ငန်းများဖြင့်သာ ထုံမွမ်းထားသည်။

ပညာသင်နှစ်သစ်၏ အစဖြစ်ပြီး ကျောင်းသားများအနေဖြင့်လည်း အနည်းငယ်မဝံ့မရဲဖြစ်နေသောကြောင့် ပထမနေ့ချောမောစွာကုန်ဆုံးသွားသည်။ သို့သော် ၃ရက်ခန့်ကြာသောအခါ ဘတ်ချ် (Butch) သည်ခုံတန်း၏ ဘယ်ဘက်အစွန်တွင် ထိုင်နေသည်။ မစ္စပိချ်အားသူတို့ မည်သို့ချောက်ချနိုင်မည်နည်းဟု ကျောင်းသားတိုင်းမေးကြသည့်နည်းတူ သူလည်းသိချင်လာသည်။ သူ့ကိုယ်သူလည်း ခေါင်းမာသော သူရဲကောင်းတစ်ဦးအမည်တပ်ကာ ဆရာမရှေ့တွင် ဂုဏ်တင်လိုစိတ်ပြင်းပြနေခဲ့သည်။ သေချာစဉ်းစားတွက်ချက်ပြီး သောခနဲ့ သူက ဆရာမကို ပမာမခန့်မလေးမစား လုပ်ပြလိုက်သည်။ သည်နှစ်တွင် ပြဿနာမဖြစ်အောင် အတတ်နိုင်ဆုံးရှောင်မည်ဟု မစ္စပိချ် မျှော်လင့်ထားကာမှ နောက်ဆုံးဤအဖြစ်မျိုးနှင့် ကြုံရတော့သည်။ ဘတ်ချ်၏ ပမာမခန့်ပြုမှုကို သူမလက်ခံပေ။ သူမခိုင်းသည်ကို ဘတ်ချ်လိုက်မလုပ်ခြင်းကိုလည်း မသိကျိုးကျင်ပြုနေလိုက်သည်။ အဆိုပါကိစ္စအသေးအမွှားလေးတွင် ဘတ်ချ် အနိုင်ရလိုက်သည်။ အဖြစ်အပျက်ကို ကျောင်းသားတိုင်းသိသည်။ ဘာမျှရေးကြီးခွင်ကျယ် လုပ်စရာမလိုသော ကိစ္စဖြစ်သည်။ သို့သော် ဘတ်ချ်ဘက်ကထွက်လာလျှင် စစ်ပွဲတစ်ပွဲကို သေနတ်တစ်ချက် မဖေါက်ရဘဲ နိုင်လိုက်ခြင်းဖြစ်သည်။

နောက်နေ့တွင် ဘတ်ချ်၏ အောက်မြင်မှုကြောင့် မသရူး (Mathew) တစ်ယောက်အလွန်အမင်း အားတက်လာသည်။ နံနက်ခင်းနိုင်ငံတော်အလံကို အလေးပြုပြီး၍ မကြာမီမှာပင် သူက ဘတ်ချ်ထက်ပို၍ ပြောင်ပြောင်တင်းတင်း အမူအရာဖြင့် ဆရာမကို ပမာမခန့် လုပ်တော့သည်။ ထိုစိန်ခေါ်မှုကိုလည်း မစ္စပိချ်က လျစ်လျူရှုလိုက်ပြန်သည်။ ထိုအချိန်မှစ၍ ကမောက်ကမဖြစ်မှုများ ပိုမိုများပြားလာတော့သည်။ နှစ်ပတ်ခန့်ကြာတော့မှ အဆင်မပြေတော့ကြောင်းကို မစ္စပိချ်ရိပ်မိလာသည်။ သူမသည် နေ့စဉ်အော်ဟစ်ကြိမ်းမောင်းလာတတ်သည်။ ဤအကျင့်ဘယ်အချိန်ကစ၍ ဖြစ်ခဲ့သည်ကို သူမသိတော့ပေ။ စင်စစ်အားဖြင့် သူမသည်နှုတ်အာကြမ်းသော ဆရာမတစ်ဦးဖြစ်လာရန် မရည်ရွယ်ခဲ့ပါ။ ဖေဖေါ်ဝါရီလတွင်မူ သူမ၏စာသင်ခန်းအတွင် သည်းမခံနိုင်လောက်အောင် အခြေအနေဆိုးဝါးလာတော့သည်။ သူမ၏ထိန်းသိမ်းကွပ်ကဲမှု ညံ့ဖျင်းခြင်းကြောင့် သူမလမ်းစဖေါ်သော စာသင်ခန်းစီမံချက် လုပ်ငန်းမှန်သမျှ နှောက်ယှက်ဖျက်စီးခံရသည်။ ထို့နောက်သူမ မဖြစ်ချင်ဆုံးသောအရာသည် အကယ်ပင်ဖြစ်လာခဲ့ချေပြီ။ ထိုအရာမှာ ကျောင်းသားများက သူမအားမနှစ်သက်ကြောင်း ရွံမုန်းကြောင်းကို အတိအလင်းထုတ်ဖေါ်ပြသလာခြင်းပင်တည်း။ သူမအားနာမည်တပ်ခေါ်ပြီး သူမ၏အားနည်းချက်များကို ထုတ်ဖေါ်ဟားတိုက်ကြသည်။ သူမ၏ရုပ်ပိုင်းဆိုင်ရာ အပြစ်အနာအဆာများရှိလျှင် ဥပမာ နှာခေါင်းကြီးပါက "နှာဘူး" မျက်စိမှုန်ပါ၍ မျက်မှန်တပ်ရပါက "လေးလုံး" စသည်ဖြင့် ထိုအပြစ်အနာအဆာကိုပင် နာမည်ပြောင်တပ်၍ ခေါ်ဝေါ်ကြသည်။ မစ္စက်ပိချ် တစ်ယောက်အားလပ်ချိန်များတွင် တချောင်ချောင်တွင် ထိုင်၍ ငိုနေရတော့သည်။ သူမ၏ခေါင်းမှာလည်း ညရောက်သည့်တိုင် တစ်ဒိန်းဒိန်း ကိုက်ခဲနေရှာသည်။ ကျောင်းအုပ်ဆရာကြီးဝင်လာပြီး မင်းမဲ့တိုင်းပြည်ဖြစ်နေသည်ကို တွေ့သွားသဖြင့် "မစ္စပိချ် ကိုယ့်အတန်းကို သေချာထိန်းပါဦး" ဟုပြောသွားသည်။ သို့သော်သူမမည်သို့ ဆုံးရှုံးသွားမှန်းမသိသဖြင့် မည်သို့ထိန်းသိမ်းရမည်ကို မစ္စပိချ်တစ်ယောက် မသိနိုင်တော့ပါ။

စာသင်ခန်းတစ်ခုအတွင်း စည်းကမ်းထိန်းသိမ်းမှု စွမ်းရည်ချို့တဲ့သဖြင့် ပထမစာသင်နှစ်အတွင်းတွင်ပင် အလုပ်ထွက်သွားကြသော ကျောင်းဆရာဦးရေမှာ ၈၀% ခန့်ရှိသည်ဟု ခန့်မှန်းကြပါသည်။

မစ္စက်ဂျစတစ် (Mrs. Justice) ဟုခေါ်သော ကျွမ်းကျင်မှုပြည့်ဝသော ဆရာတစ်ဦး၏ စာသင်ခန်းစည်းကမ်းထိန်းသိမ်းနည်းနှင့် နှိုင်းယှဉ်စဉ်းစား၍ ကြည့်ကြပါစို့။ သူမသည်လည်း ကျောင်းသားများ၏ ချစ်ခင်လေးစားမှုကို ခံယူလိုသူဖြစ်သည်။ သို့သော် သူမကကျောင်းသားများထက်သူမ၏တာဝန်ကိုသာ ပို၍အလေးထားသည်။ ကျောင်းစတက်သည့်နေ့မှာပင် မိတ်ဆက်စကားပြောသည်။ သို့သော်မစ္စပိချ်ပြောသည့်စကားနှင့်တော့ အလွန်ကွာခြားသည်။ သူမက "ဒီနှစ်ကတော့ ချောမောအဆင်ပြေမယ့်နှစ်ဖြစ်ပါလိမ့်မယ်။ မင်းတို့ဟာ ဆရာမတပည့်

တွေဖြစ်တဲ့အတွက်လည်း ဆရာမဝမ်းသာပါတယ်။ မေးစရာရှိတာကို ပွင့်ပွင့်လင်းလင်းမေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီအခန်းမှာ စာသင်ရတာလည်း ပျော်ကြမယ်လို့ ဆရာမယုံကြည်ပါတယ်။ မင်းတို့ကို ဘယ်သူကမှ ရယ်စရာလုပ်တာ လှောင်တာပြောင်တာကို ဆရာမခွင့်မပြုနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရယ်ခံရတဲ့သူ အလှောင်ခံရတဲ့သူမှာ ထိခိုက်စေတတ်လို့ပဲ။ ဆရာမက မင်းတို့ကို ဘယ်တော့မှတမင်ရည်ရွယ်ပြီး စိတ်ဓာတ်ကျအောင် စိတ်ကသိကအောက်ဖြစ်အောင် မလုပ်ဘူး။ မင်းတို့နဲ့ဆရာမမိတ်ဆွေပဲဖြစ်ချင်တယ်။ ဒါပေမဲ့ မင်းတို့တစ်ခုသိထားရမှာက မင်းတို့ကဆရာမကို တစ်ခါလောက်ပညာပေးမယ်။ ပမာမခန့်လုပ်မယ်ဆိုရင် ဆရာမကလည်း မင်းတို့စိတ်ဓာတ်ပျက်ပြားသွားအောင်လုပ်နိုင်တဲ့နည်းတွေ တစ်လှေကြီးရှိတယ်။ မင်းတို့ မယုံဘူးထင်ရင် တစ်ခုလောက်စမ်းကြည့်လိုက်ပါ။"

"မင်းတို့မိဘတောါက ဒီစာသင်နှစ်အတွက် အရေးကြီးတာတွေ မင်းတို့ကိုသင်ကြားပြသပေးဖို့ ဆရာမကို တာဝန်ပေးထားတာ။ ဒီတော့နောင်နှစ်သင်ကြရမယ့် သင်ခန်းစာတွေကို အဆင်သင့်နားလည်နေအောင် ဆရာမသင်ရလိမ့်မယ်။ ဒါကြောင့် တစ်ယောက် နှစ်ယောက်ဖောက်တာနဲ့ ဆရာမအလုပ်ပြုတ်မခံနိုင်ဘူး။ ဒါကြောင့် တစ်ယောက်နှစ်ယောက် ဖောက်တာနဲ့ ဆရာမအလုပ်ပြုတ်မခံနိုင်ဘူး။ ငါးခုံးမတစ်ကောင်ကြောင့်လည်း တစ်လှေလုံးအပုပ်မခံနိုင်ဘူး။ ဆရာမတို့မှာ လေ့လာသင်ယူစရာတေါ အများကြီးရှိသေးတယ်။ ကဲ စာသင်ကြဖို့ အချိန်တန်ပြီ။ သင်္ချာစာအုပ်ထုတ်ပါ။ စာမျက်နှာ ၄ကိုလှန်ပါ။" ဟူ၍ဖြစ်ပါသည်။

၃ရက်ခန့်ကြာသောခါ ဘတ်ချ်၏လုပ်ငန်းစပါတော့သည်။ (အတန်းတိုင်းတွင် ဘတ်ချ်လိုလူမျိုး အနည်းဆုံးတစ်ဦးစီတော့ ရှိတတ်ပါသည်။ စာသင်နှစ်အတွင်း စာသင်ခန်း၏ ခလုတ်ကန်သင်းတစ်ဦးထွက်သွားလျှင်လည်း နောက်တစ်ဦးပေါ်ပေါက်လာပါဦးမည်။) သူကမစ္စတာဂျက်စတစ်ကို ပမာမခန့်အမူအရာဖြင့် စိန်ခေါ်သည်။ ဆရာမကလည်း သူ့ကိုကောင်းကောင်းပညာပေးလိုက်သည်။ ဘတ်ချ် အရှုံးကြီးရှုံးသွားသည်။ မစ္စက်ဂျစတစ်ကိုစမ်း၍မရကြောင်း တစ်ခန်းလုံးသိသွားသည်။ ဒီဘတ်ချ်ဆိုတဲ့ကောင်က မဖြစ်ညစ်ကျယ်နဲ့ ဟုတ်တာလည်း မဟုတ်ဘူး ဟုယူဆသွားကြသည်။ မစ္စက်ဂျက်စတင်သည် ခေါင်းမာသည့် အမြော်အမြင်ရှိသည့် သူတို့ထက်ပို၍ သတ္တိရှိသည်ဟု ကျောင်းသားများ သဘောပေါက်သွားကြသည်။ ထို့နောက်သူမက ဘတ်ချ်နှင့်ဖြစ်ခဲ့သော မကြည်မလင်အခြေအနေကို အတန်းသားများနှင့် ရယ်မောရွှင်ပြစွာ သင်ကြားရင်းဖြင့်ချေဖျက်နိုင်ခဲ့သည်။ သူမ၏ ထိန်းချုပ်မှုကို လျော့ဖြေပေးလိုက်သည်။ သူမရယ်တော့ ကျောင်းသားများလည်း ရယ်မောကြသည်။ သူမနှင့်အတူ စကားစမြည်ပြောကြသည်။ အတူကစားကြသည်။ သို့သော "ကဲအလုပ်လုပ်ချိန်ရောက်ပြီဟေ့" ဟုဆိုလိုက်သည်နှင့် ကျောင်းသားများစာကို ကြိုးစားသင်ယူကြသည်။ သူတို့ဤသို့ သင်ယူလာအောင် ဆရာမစွမ်းဆောင်နိုင်ကြောင်း သူတို့ကောင်းကောင်း သဘောပေါက်ကြသည်။ သူမသည် စွမ်းဆောင်နိုင်ကြောင်း သူတို့ကောင်းကောင်းသဘောပေါက်ကြသည်။ သူမသည်မဆူပါ။ မအော်ငေါက်ပါ။ မရိုက်နှက်ပါ။ စင်စစ်သူမက ကျောင်းသားများ အရှုံးအမူးလိုအပ်နေသော ချစ်ခြင်းမေတ္တာကို တစ်ဦးချင်းစီအပေါ်ကျောသားရင်သားမခွဲခြားဘဲ ဖြန့်ဝေပေးခြင်းကြောင့်ဖြစ်ပါသည်။ ကျောင်းသားများကလည်း ဆရာမကို နှစ်နှစ်ကာကာ မြတ်နိုးလေးစားကြသည်။ ထိုကျောင်းစား ၃၂ဦးကိုလည်း ဆရာမဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်ပါ။

..............................................................................................

ပထမဆုံး အကြိမ်အနေဖြင့် ဆုံးမသတိပေးစကားပြောကြားရာတါင် မေတ္တာစိတ်ဖြင့်ယှဉ်၍ အကျိုးအကြောင်းဆီလျော်သော ကျေနက်စွာလက်ခံနိုင်ဖွယ်ရှိသည့် သတိပေးစကားအရိပ်အမြွက်တို့ဖြင့် ဖြေးညင်းငြင်သာစွာပြောရန် သတိပြုပါ။ ကလေးများက အလျော့မပေးလျှင် သင်ကလည်းတင်းခံထားပါ။ သို့သော်ဤသို့သော တင်းမာတုန့်ပြန်မှုသည် အမုန်းတကယ်ထိခိုက်အောင်မလုပ်ပါနှင့်။ သင်ခန်းစာပေးမှုသဘော နာကျင်ရုံသက်သက်မျှသာ ဖြစ်ပါစေ။ သို့ဖြင့်အဆုံးတွင် ဆရာနှင့်တပည့်ပျော်ရွှင်စွာ ချမ်းမြေ့ကြရပါလိမ့်မည်။

..............................................................................................

မေးခွန်းများနှင့်အဖြေများ
၁။ ပြဿနာများမပေါ်ပေါက်သင့်ပါ။

မေး။ ။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများပင်ပို၍ စည်းကမ်းတင်းကျပ်သော ဆရာမများကို ချစ်ခင်လေးစားလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။ အဘယ်ကြောင့်ပါနည်း။

ဖြေ။ ။ အမိန့်နှင့် ညွှန်ကြားချက်ကို ထိန်းသိမ်းသော ဆရာများသည် ပညာရေးဌာနများတွင် လေးစားခံထိုက်ဆုံးသော အဖွဲ့ဝင်များဖြစ်ကြသည်။ အတန်းတစ်တန်းကို ဖိနှိပ်ချုပ်ခြယ်ခြင်းမပြုဘဲ ထိန်းသိမ်းနိုင်သောဆရာသည် တပည့်၏ချစ်ခင်မြတ်နိုးမှုကို ခံယူရလေ့ရှိပါသည်။ အခြားအကြောင်းတစ်ခုမှာလည်း အမိန့်တွင်ဘေးကင်းလုံခြုံမှု ပါရှိပါသည်။ အတန်းတစ်ခုသည် ထိန်းမနိုင်သိမ်းမရ ဖြစ်သောအခါ အထူးသဖြင့် မူလတန်းကျောင်းအဆင့်၌ ကလေးများသည် အချင်းချင်းတစ်ဦးကို တစ်ဦးကြောက်လန့်နေတတ်ပါသည်။ ဆရာမကအတန်းကို မထိန်းလျှင် ကလေးအချင်းချင်း အနိုင်ကျင့်ဗိုလ်ကျမှုကို မည်သို့ကာကွယ်မည်နည်း။ ညံ့သောကလေးများအား လှောင်ပြောင်ရယ်မောခြင်းကို မည်သို့ထိန်းသိမ်းမည်နည်း။ ကလေးဟူသည် တစ်ဦးနှင့်တစ်ဦးမျှတမှု နားလည်သဘောပေါက်မှု သိပ်မရှိတတ်ကြပါ။ ဖြောင့်မတ်မှန်ကန်၍

စည်းကမ်းရှိသော ဆရာမတစ်ဦးကို ရရှိလျှင် ကလေးငယ်များဂုဏ်ယူလေ့ရှိကြပါသည်။

ဒုတိယအချက်အနေဖြင့် ကလေးများသည် တရားမျှတမှုကို မြတ်နိုးကြပါသည်။ တစ်ဦးတစ်ယောက် စည်းကမ်းချိုးဖောက်လျှင် ထိုက်တန်သောပြစ်ဒဏ်ကို ချက်ချင်းပင်သူတို့ ခံယူချင်ကြပါသည်။ တန်းတူညီမျှမှုရှိသော ဥပဒေစနစ်ကို လိုက်နာအောင် ဖိအားပေးနိုင်သောဆရာအား သူတို့ချစ်ကြပါသည်။ ကျိုးကြောင်းဆီလျော်သော လူမှုရေးစည်းကမ်းများရှိလျှင်လည်း သူတို့အလွန်နေသာထိုင်သာရှိကြပါသည်။ အပြန်အလှန်အားဖြင့် အကန်းကိုထိန်းသိမ်းကွပ်ကဲမှု မရှိသောဆရာမတစ်ဦးသည် ကလေးများ၏တန်ဘိုးစနစ်တွင် အခြေခံကျမှုတစ်ရပ်ကိုချိုးဖောက်ခြင်းဖြင့် မလွဲမရှောင်သာ ပြဿနာများ ဖြစ်ပွားလာစေရန် ခွင့်ပြုသည်နှင့်တူလေသည်။

တတိယအချက်အနေဖြင့် စည်းကမ်းတင်းကျပ်သောဆရာကို ကလေးများချစ်ခင်ကြသည်။ အကြောင်းမူ အတန်းတွင် ဝရုန်းသုန်းကားဖြစ်ခြင်းသည် စိတ်ရှုပ်စရာကောင်း၍ဖြစ်သည်။ အော်ဟစ်ခြင်း၊ ရိုက်ပုတ်ခြင်း၊ ပြစ်တင်ကြိမ်းမောင်းခြင်းတို့သည် ၅မိနစ်စာမျှလောက်ရယ်မောစရာဖြစ်တတ်သော်လည်း စိတ်ရှုတ်ထွေးမှုက မောပန်းနွမ်းနယ်မှုနှင့် စိတ်ဓါတ်ကျဆင်းမှုကို စတင်ဖြစ်ပေါ်လာတော့သည်။

တတိယတန်းနှင့် စတုတ္ထတန်းကျောင်းသား ကျလေးများက သူတို့ဆရာများ၏ ဆက်စပ်နေသော စည်းကမ်းချမှတ်မှုများနှင့် ပါတ်သက်ပြီး ထက်ထက်မြက်မြက်ဝေဖန်သုံးသပ်မှုများကို ကြားရသဖြင့် ပြုံးမိခဲ့ရသည်။ အကြိမ်လည်းမနည်းတော့ပါချေ။ အတန်းတစ်တန်းကို မည်သို့ထိန်းသိမ်းရမည်ကို သူတို့သိကြသည်။ အရေးကြီးလှသည့် ထိုဂုဏ်အင်္ဂါကို သူတို့၏ဆရာများလည်း အလားတူသတိပြုမိစေချင်ပါသည်။

## သင်ယူမှုနှေးသူ

အခြားသူများက ကျွန်ုပ်တို့အား ဖြစ်စေချင်သည့်အတိုင်းဖြစ်လာကြသည်။

အောက်မြင့်မှုကသာလျှင် အောင်မြင်မှုကို မွေးဖွားစေသည်ဟူသော အချက်ကိုသတိပြုပါ။ သင်ယူမှုနှေးကွေးသူများအား အကောင်းဆုံးလုံ့ဆော်နည်းမှာ အောင်မြင်နေသည်ကို သဘောပေါက်ထားရေးပင်ဖြစ်သည်။ သူ့ဘဝထဲရှိလူကြီးများက သူ့အားယုံကြည်မှုရှိကြောင်းပြသလျှင်သူ့ကိုယ်သူ ပိုမိုယုံကြည်စိတ်ရှိလာလိမ့်မည်။ စင်စစ် လူသားအများစုသည် ဤသို့သောစရိုက် သဘာဝကို မျှဝေလေ့ရှိကြသည်။ အခြားသူများက ကျွန်ုပ်တို့အား ရှုမြင်သည့်နည်းလမ်းအတိုင်း ကျွန်ုပ်တို့ပြုမူလုပ်ဆောင်ရန် အလားအလာရှိသည်။ အမျိုးသားတပ်မတော်သို့ ကျွန်ုပ်ဝင်ရောက်စစ်မှုထမ်းသောအခါတွင် ထိုအမြင်ပို၍ ရှင်းလင်းသွားတော့သည်။ ကောလိပ်မှ ဘွဲ့ရပြီးသည်နှင့် တပြိုင်နက် ၂နှစ်စစ်မှုထမ်းရမည်ထက် အရံတပ်တွင်ပို၍ အတွေ့အကြုံရစေရန် စာရင်းသွင်းလိုက်သည်။ အထုပ်အပိုးများ ချက်ချင်းထုပ် ဘတ်စကားပေါ်တက်ကာ ကာလီဖိုးနီးယားရှိ ဖိုစ်အော့ဒ် (Fort Ord) သို့ တပ်ကြပ်ကြီးစာရေးသင်တန်း ဖလတက်ရန် ထွက်ခဲ့သည်။ စစ်ထုံးပုံစံဇယားများရေးဆွဲခြင်း၊ လက်နှိပ်စက်ရိုက်ခြင်းနှင့် ဖိုင်တွဲခြင်းစသော ရုံးလုပ်ငန်းများကို ပျော်ပျော်ရွှင်ရွှင် သင်ကြားရင်း ဖလကြာခဲ့သည်။ ရက်ပေါင်း၁၈၃ရက်ပြည့်ပြီးနောက် မိခင်အမျိုးသားတပ်ရင်းသို့ အသုံးပြုနိုင်ရန် ဆည်းပူးလာခဲ့သော အသိပညာ ဗဟုသုတအသစ်များဖြင့် ပြန်လာခဲ့သည်။ အံ့ဩဖို့ကောင်းသည်မှာ ကျွန်ုပ်အားမည်သူမျှ လိုက်လံစွာကြိုဆိုမှု မရှိကြခြင်းပင်ဖြစ်ပါသည်။

..............................................................................

လွန်ခဲ့သောနှစ်အနည်းငယ်က စိန့်လူးဝစ္စ (St. Louis) လူသတ်မှုတွင် ပြစ်မှုကျူးလွန်သူ လူငယ်တစ်ဦးက “ကျွန်တော့်အဖေက ကျွန်တော့်ကို မလိမ်မာဘူးလို့ အမြဲတန်းပြောတယ်။ အမေလည်းဘာမှ အသုံးမကျဘူးတဲ့။ ကျောင်းကဆရာတွေကလည်း ကျွန်တော့်ကို အလကားကောင်လို့ ပြောကြပြန်တယ်။ ကျွန်တော်မွေးဇာတိမြို့ကတောက်မှ ကျွန်တော်ကိုဒုစရိုက်ကောင်ဖြစ်ဖို့မှတစ်ပါး တခြားဘာမှ မျှော်လင့်မထားကြဘူး။ ကျွန်တော်ကနဲနဲလေးပိုပြီး လွတ်လွတ်လပ်လပ်နေချင်တာဘဲရှိတယ်။ ဒါပေမယ့် ကျွန်တော်အံ့ဩမိတာက ဘာဖြစ်လို့ ဒီလိုပြောကြတာလဲဆိုတာ ဉာဏ်မှသလော်ကတွေးကြည့်မိခဲ့ပါတယ်။ ကျွန်တော်ကို နားလည်သဘောပေါက်တဲ့ ယုံကြည်မှုရှိတဲ့ တစ်ဦးတည်းသောသတ္တဝါကတော့ ကျွန်တော့်ခွေးလေးပါဘဲ။ သူသေတော့ ကျွန်တော်ရူးမတတ်ပါပဲ” ဟုပြောပြခဲ့သည်။

..............................................................................

တစ်ကိုယ်ရေတစ်ကာယသမားများသည် ရူးမိုက်ကြမှန်းလူတိုင်းသိသည်။ တစ်ကိုယ်ရေတစ်ကာယသမားအားလုံး ရူးမိုက်ကြသည်။ ကျွန်ုပ်လည်းတစ်ကိုယ်ရေတစ်ကာယသမားဖြစ်သည်။ ထို့ကြောင့် တစ်ကိုယ်ရေ တစ်ကာယသမားများ ရူးမိုက်သည် ဟူသောစကားမှာ ကျွန်ုပ်အဖို့နားထူနေပြီဖြစ်သည်။ အခြားသော ရူးမိုက်သည့် တစ်ကိုယ်ရေသမားများမှလွဲ၍ ကျွန်ုပ်ကားကမ္ဘာအပြင်ဘက်သို့ စွန်းထွက်နေသူဖြစ်သည်။ တစ်ကိုယ်ရေသမားများမှသည် ဗိုလ်မှူးကြီးအဆင့်အထိ ကျွန်ုပ်ကဲ့သို့ ခပ်ကြောင်ကြောင်အပြုအမူများရှိဘူးခဲ့ကြပြီးဖြစ်သော်လည်း သူတို့၏မျှော်မှန်းချက်မှာ တိတိကျကျတိုးတက်ကြသည်ကို အံ့ဩမိသည်။ တပ်ကြပ်ကြီးစာရေးသင်တန်း ဖလသင်ကြားပြီးနောက် ပထမဆုံးပေးသောတာဝန်မှာ သာမန်ရုံးစာတစ်စောင်ကို ၂စုံလက်နှိပ်စက် ရိုက်ပေးရန်ဖြစ်သည်။ လက်နှိပ်စက်တွင် ၂၅မိနစ်ခန့်စူးစိုက်ရိုက်နှိပ်ပြီးသောအခါတွင် ကာဗွန်စက္ကူကို ပြောင်းပြန်ထည့်လိုက်မိကြောင်း ကျွန်ုပ်သတိရလိုက်မိသည်။ ပထမစာရွက် (မူရင်းစာရွက်)၏ နောက်ကျောတွင် ပြောင်းပြန်ထင်နေသောစာများဖြင့် စွန်းထင်းပေကျံပြီး တပ်ကြပ်ကြီး၏ မျက်နှာမရ ခြေထောက်ရာဘဝသို့ရောက်ခဲ့ရတော့သည်။ အလား

တူစွာပင် "နောက်လှည့်" သည့် စစ်ရေးပြသင်ခန်းစာတွင်လည်း ကျွန်ုပ်အတွက်လုပ်ဆောင်ရန် ရှုတ်ထွေးနေလေ့ရှိသည်။ ယခုအမြင်နှင့် ကြည့်လျှင်မူကား ကျွန်ုပ်၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်၏စိတ်ကူးထင်ဟပ်ချက်များနှင့် တသတ်မတ်တည်းဖြစ်နေကြောင်း ရှင်းလင်းစွာသိရပေသည်။ အလားတူစွာပင် ကျောင်းတွင်ညံ့သော ကလေးများသည်လည်း အခြားသူများက သူတို့အပေါ်မျှော်လင့်ထားသည်ဟု သူတို့ယူဆသည့်အတိုင်း လုပ်ဆောင်ခြင်းမျှသာဖြစ်သည်။ သက်တူရွယ်တူများက ကျွန်ုပ်တို့အပေါ် မှတ်ယူထားသော ဂုဏ်သိက္ခာသည် ကျွန်ုပ်တို့ဘသတစ်သက်တာကို အလွန်လွှမ်းမိုးသောစွမ်းအားများဖြစ်ပါသည်။

## အောင်မြင်လိုစိတ်နည်းသူ

ကိုယ်တိုင်စည်းကမ်းချမှတ်မှု

သူ့တွင်ဆောင်ရွက်နိုင်စွမ်းရှိသော်လည်း ကျောင်းစာတွင်အောင်မြင်မှု မရှိသောကျောင်းသားကို အောင်မြင်လိုစိတ်နည်းသူဟုခေါ်သည်။ သူ၏ကျောင်းသား အရည်အချင်းစစ်မှတ်တမ်းတွင် D များစွာ၊ F များစွာရှိသည့်အတိုင်း သူ၏ IQ မှာ ၁၂၀ သို့မဟုတ် ထိုထက်ပို ကောင်းပိုနိုင်သည်။ ထိုသို့သော မအောင်မြင်သူများသည် သင်ယူမှုနှေးကွေးသူများထက် အရေအတွက် ပိုမိုများပြားပြီး နားလည်သဘောပေါက်မှုနည်းပါးကြသည်။ ယင်းရှုတ်ထွေးမှုသည် ပညာရေးထုချွန်မှုတွင် လိုအပ်သောသီးခြားအရည်အသွေး နှစ်ရပ်နှင့်ဆက်နွယ်နေပြီးကြောင့်ဖြစ်ပြီး ဒုတိယအရည်အသွေးမှာ ဝှတ်လျှိုးနေတတ်သည်။ ပထမအရည်အသွေးဖြစ်သည့် ဉာဏ်စွမ်းရည်ပြည့်ဝသော်လည်း ဒုတိယအရည်အသွေးဖြစ်သည့် စိတ်စွမ်းရည်မှာ ပင်ကိုယ်အားဖြင့်မပြည့်ဝပေ။ ကိုယ်တိုင်စည်းကမ်းချမှတ်မှုသည်လည်း လိုအပ်ပါသည်။ သာမန်အားဖြင့်စွမ်းဆောင်နိုင်သော ကလေးငယ်တစ်ဦးသည် သူခံစားရသည့် အခြေအနေတစ်ရပ် သို့မဟုတ် အခက်အခဲတစ်ခုကို တစ်နေ့ပြီးတစ်နေ့ကျော်လွှားနိုင်ရေးအတါက် လိုအပ်သော ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်မှု ရှိချင်လည်းရှိမည်။ ရှိချင်မှလည်းရှိမည်။ အသိဉာဏ်နှင့် ကိုယ်တိုင်စည်းကမ်းချမှတ်မှုတို့သည် မကြာမကြာအပြန်အလှန်ဆက်စပ်ကြသည် မဟုတ်ပေ။ ကလေးတစ်ဦးအတွင် အဆိုပါအချက် ၂ချက်အနက်တစ်ခုရှိပြီး တစ်ခုမရှိသည်ကို တွေ့ရလေ့ရှိသည်။ ရံဖန်ရံခါ ပင်ကိုယ်စွမ်းရည်မရှိသော ကလေးတစ်ဦးသည် သူမျှော်မှန်းထားသည့် အဆင့်ထက် ကျော်လွန်အောင်မြင်ရန် ရုန်းကန်ကြိုးပမ်းပေလိမ့်မည်။ ယင်းသို့သော ထူးခြားသည့် အသွင်အပြင်ကို အောင်မြင်လိုစိတ်လွန်ကဲမှုဟု သတ်မှတ်ပါသည်။ ယင်း၏ဆန့်ကျင်ဘက် ဆက်စပ်မှုကပို၍ သိလွယ်ပါသည်။ ထူးခြားသောအသိဉာဏ်စွမ်းရည်ရှိသော ကလေးတစ်ဦးသည်အဆိုပါ ထူးခြားသောအသိဉာဏ်စွမ်းရည်ကို အလဟသဖြုန်းတီးချင်းပင်ဖြစ်သည်။

## မေမေအတွက်တစ်တခဏတာ ၄ချက်

ဖြစ်ထွန်းအောက်မြင်သော မိဘဘဝ၏ တာဝန်ဝတ္တရားများကား အချိန်နှင့်အမျှ လဲပြိုကျမတတ် ကြီးမားလေးလံလွန်းလှပါသည်။ အထူးသဖြင့် မိဘဆိုင်ရာ အလုပ်များရှုတ်ထွေးမှု ဖိစီးခံနေရသော မိခင်များအတွက်ကား သာမန်ကိစ္စတော့ မဟုတ်ချေ။ သူမ မွေးမြူထားသော ကလေးတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ ပညာရေး၊ အသိဉာဏ်၊ ကိုယ်ရည်ကိုယ်သွေး၊ စာရိတ္တနှင့် စိတ်ခံစားမှုဆိုင်ရာ တည်ငြိမ်ရေးတို့အတွက် သူမသည်ပင် မကာကွယ်စောင့်ရှောက်သူ ဖြစ်ပါသည်။ သူမသည် ဆရာဝန်အဖြစ်လည်းကောင်း၊ သူနာပြုအဖြစ်လည်းကောင်း၊ စိတ်ပညာရှင်အဖြစ်လည်းကောင်း၊ ဆရာအဖြစ်လည်းကောင်း၊ တရားဟောဆရာအဖြစ်လည်းကောင်း၊ စားဖိုမှူးအဖြစ်လည်းကောင်း၊ ရဲတပ်သားအဖြစ်လည်းကောင်း အသွင်အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ရရှာပါသည်။ မိခင်၊ မိခင်တိုင်း၏ ဘဝတွင်ကြေးမုံမှန်ကိုကြည့်ပြီး " သင်ဒီနေ့ကို ငါဘယ်လိုဖြတ်သန်းရပါမယ်" ဟူ၍ ကိုယ့်ကိုယ်ကို ပြန်လည်မေးခွန်းထုတ်ရသည့် အကြိမ်ပေါင်းများစွာရှိမည်မှာ မလွဲပေ။ အောက်ပါနမူနာများသည် အထက်ပါ စိတ်မောမပြေသော မေးခွန်းကို အမောပြေစေရန် စီစဉ်ထားသော အကြံပြုချက်များဖြစ်ပါသည်။

၁။ သင်ကိုယ်တိုင်အတွက်ကိုယ်ပိုင်အရန်အချိန်ထားပါ။

မိခင်တစ်ဦးသည် ဦးစားပေးဆောင်ရွက်ရမည့်စာရင်းတွင် သူမကိုယ်တိုင်အတွက်ပါထည့်သွင်းရေးမှတ်ထားရန် အရေးကြီးသည်။ မည်သူမဆို တစ်ချိန်လုံး မနေမနား အလုပ်လုပ်ရန် မစွမ်းနိုင်ပါ။ ထို့ပြင် မိခင်၏အရှိန်အဝါအလျောက် အပန်းဖြေခြင်းကြောင့် မိသားစုတစ်ခုလုံး အကျိုးရှိပါလိမ့်မည်။ ပို၍အရေးကြီးသည်မှာ မိခင်၏အိမ်ထောင်ရေးဘဝ ဇနီးနှင့်ခင်ပွန်းသည် ချစ်ခြင်းမေတ္တာကို ကာကွယ်ရန်နှင့် ထိန်းသိမ်းထားရန်ဖြစ်သည်။ ဇနီးနှင့်ခင်ပွန်းသည် အပါတ်စဉ်တိုင်း သို့မဟုတ် နှစ်ပတ်တစ်ခါ နှစ်ဦးတည်းအေးဆေးလွတ်လပ်စွာ အတူနေသင့်ပါသည်။ အမျိုးသမီးတစ်ဦး အနေဖြင့် သူမခင်ပွန်းသည်၏ ဇနီးမယားသာမဟုတ်ဘဲ ချစ်သူအဖြစ်သိရှိနားလည်နေလျှင် သူမ၏ဘဝသည်ပို၍ သာယာချမ်းမြေ့ဖွယ် အကောင်းဆုံးဖြစ်ပါလိမ့်မည်။

၂။ ညဥ့်နက်အချိန်တွင် အရေးကြီးသောပြဿနာများကို မဆွေးနွေးပါနှင့်

ပင်ပန်းနွမ်းနယ်ခြင်းကြောင့် လူသားများ၏အာရုံကို နောက်ကျူစေပါသည်။ တစ်နေ့လုံး ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီးသည့်နောက်တွင် သာမန်အလုပ်များ မရေတွက်နိုင်အောင် ပေါ်ပေါက်လာနိုင်ကောင်းပါသည်။ ကျိုးကြောင်းဆင်ခြင်မှုထက် စိတ်ခံစားမှုကြောင့် ဆုံးဖြတ်ချက်ချမှတ်တတ်သည်။ လက်တစ်ဖျစ်စာမျှ တိုတောင်းလှသော အချိန်လေးအတွင်း ငွေကြေးကိစ္စ သို့မဟုတ် အခြားသောမိသားစု ပြဿနာများကို ဆွေးနွေးလျှင် လင်မယားချင်းရန်ဖြစ်ဖို့များပါသည်။ စိတ်ရှုတ်ထွေးမှုကို သည်းခံနိုင်စွမ်းနည်းပါးပြီး တစ်ရံတစ်ခါမျှ မဖြစ်ခဲ့ဖူးသော ပြဿနာကြီးများဆီသို့ ဦးတည်လေ့ရှိကြပါသည်။ အရေးတကြီးဆွေးနွေးရမည့် ကိစ္စများကို နံနက်ရောက်သည့်တိုင်ဆိုင်းငံ့ထားခြင်းဖြင့် စိတ်ဖိစီးမှုနှင့် ကတောက်ကဆဖြစ်မှုတို့ကို ရှောင်ရှားနိုင်ပါသည်။ တစ်ညတာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းသည် ပြဿတာဖြစ်ပွားမှုလျော့ပါးစေသော ရေရှည်နည်းလမ်းတစ်ခုဖြစ်သည်။

၃။ စာရင်းတစ်ခုပြုစုပါ

အထူးသဖြင့် လုပ်ရမည့်လုပ်ငန်းများ ကြီးမားလေးလံသောအခါ ဆောင်ရွက်ရမည့် လုပ်ငန်းများကို စာရင်းတစ်ခုရေးမှတ်ခြင်းဖြင့် စိတ်သက်သာရာ ရရှိစေပါသည်။

၄။ ဘုရားသခင်၏စောင့်ရှောက်မှုကို ရှာဖွေပါ။

လက်ထပ်ခြင်းနှင့် မိဘဘဝသဘောတရားများသည် လူသားတို့တီထွင်မှုများမဟုတ်ပါ။ ဘုရားသခင် အနန္တဉာဏ်တော်ဖြင့် အကြင်လင်မယားနှင့် အပေါင်းအဖေါ်ဘဝ၏ အခြေခံအစုအဖွဲ့အဖြစ် မိသားစုကို ဖန်ဆင်းပြညတ်တော်မူခဲ့သည်။ ခေတ်သစ်မိသားစုများဘဝတွင် တွေ့ကြုံရသော ပြဿနာများ၏ အဖြေကိုဖန်ဆင်းရှင်ဘုရားသခင်ထံ ဆုတောင်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းစွမ်းအားတို့ဖြင့် ရှာဖွေတွေ့ရှိနိုင်ပါသည်။ ဘုရားသခင်၏ မျက်နှာတော်ကို ဖူးမြင်ရလျှင် ဘုရားသခင်က သင့်ကိုကောင်းချီးပေးပါလိမ့်မည်။ “စည်းကမ်းသတ်မှတ်ဝံ့သော အစွမ်းသတ္တိ” ကိုလည်းရရှိပါလိမ့်မည်။